အစည်းအဝေးကျင်းပသည့်နေရာ။ ။ ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

ကျင်းပသည့်နေ့စွဲ ။ ။ ၂၀၀၂ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်

ကျင်းပသည့်အချိန် ။ ။ ၁၃း၃၀ နာရီ မှ ၁၄း၂၀ နာရီ အထိ

ဆွေးနွေးသည့်အကြောင်းအရာ ။ ။

(၁) B O T စံနစ်ဖြင့် နှစ်ရှည်ငှားရမ်းခြင်းနှင့်ပတ်သက်၍ ဒေါက်တာသန်းသန်းမြင့်ကဆွေးနွေးရာ ရင်းနှီးများသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများအတိုင်းအတာပေါ်မူတည်၍ နှစ်ရှည်ငှားရမ်းခြင်းဖြစ်ကြောင်း ဦးတင်ငွေနှင့် ဦးညွန့်ဟန်တို့မှ ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ်မူတည်၍ အနည်းဆုံးငှားရမ်းခြင်းကာလ(၂၅)နှစ်နှင့် နောက်ထပ်တကြိမ်လျှင်(၅)နှစ်ဖြင့် (၂)ကြိမ်အထိ ဆက်လက်တိုးမြှင့်ငှားရမ်းသင့်ကြောင်း ဆွေးနွေးကြသည်။

(၂) Land Use Premium ၏ Signature Bonus ဆိုသည်မှာ နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံမှုအတွက် အဓိကရည်ရွယ်သည်ဖြစ်၍ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပြုသူများအနေဖြင့် ရင်းနှီးမြှုပ်နှံရာတွင် Bank Performance Guarantee ကို ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၁ % ကိုထားနိုင်ကြောင်း ဆွေးနွေးကြပါသည်။

(၃) ငှားရမ်းခသတ်မှတ်ရာတွင် ဟိုတယ်စုစုပေါင်းဝင်ငွေ၏ ၅ %ဆိုရာတွင် (ကျပ်ငွေဖြင့်ရသည့်ဝင်ငွေအပေါ် ၅ % နှင့် အမေရိကန်ဒေါ်လာဖြင့်ရသောဝင်ငွေ၏ ၅ %)ကိုဆိုလိုကြောင်း ယင်းသို့ကျပ်ငွေ + အမေရိကန်ဒေါ်လာ ဖြင့်ပေးသွင်းရာတွင် ကြမ်းခင်းနှုန်း တနှစ်လျှင် ကျပ်(၂၄)သိန်းနှင့် အမေရိကန်ဒေါ်လာ(၂၄၀၀)ပေးရန် သတ်မှတ် သင့်ကြောင်း ဆွေးနွေးကြပါသည်။

ယင်းသို့ဆွေးနွေးပြီးနောက် အောက်ပါအတိုင်းဆုံးဖြတ်၍ အစည်းအဝေးကို ရုတ်သိမ်းလိုက်ပါသည်။

ဆုံးဖြတ်ချက်များ။ ။

(၁) ရင်းနှီးမြှုပ်နှံမှုများသည့်အတွက် B O T စံနစ်ဖြင့် ငှားရမ်းခြင်းကာလ(၂၅)နှစ်နှင့် ယင်းငှားရမ်းကာလ ပြည့်ပြီးနောက် တကြိမ်လျှင်(၅)နှစ်ဖြင့် (၂)ကြိမ်သက်တမ်းတိုးငှားရမ်းရေးကို ညှိနှိုင်းဆောင်ရွက်ရန်၊
(၂) Bank Performance Guarantee အနေဖြင့် ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းကျပ်ငွေပမာဏ၏ ၁ %ကို ပေးသွင်းရန်၊
(၃) ငှားရမ်းခငွေကို သတ်မှတ်ရာတွင် ကြမ်းခင်းနှုန်းတနှစ်လျှင် ကျပ်(၂၄)သိန်း + အမေရိကန်ဒေါ်လာ(၂၄၀၀)၊ (သို့) ဟိုတယ်စုစုပေါင်းဝင်ငွေ၏၅% တို့အနက် ပိုများသောငွေကိုပေးသွင်းရန်

(အစည်းအဝေးကို ၁၄:၂၀ နာရီတွင် ရုတ်သိမ်းလိုက်ပါသည်။)

မှတ်တမ်းတင်သူ

(ဒေါက်တာသန်းသန်းမြင့်)

မိတ္တူကို - ဦးညွန့်ဟန်
- ဦးတင်ငွေး

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ပုဂံမြို့

နှင့်

Bagan Beach Resort Co. Ltd. ၊ ရန်ကုန်မြို့

တို့အကြားချုပ်ဆိုသော

တည်ဆောက်ခြင်း၊ လုပ်ဆောင်ခြင်း၊ လွှဲပြောင်းခြင်းစနစ်ဖြင့်

မြေငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း)

မြေငှားသဘောတူစာချုပ် (မူကြမ်း)

ဤမြေငှားသဘောတူစာချုပ်ကို သက္ကရာဇ် ၂၀၀၂ ခုနှစ်၊- - - - - လ၊ (-)ရက်နေ့တွင် ရန်ကုန်မြို့၌ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်ကြိုင်ကိုယ်စားပြုသော ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုသေသနဦးစီးဌာန၊ ပုဂံမြို့၊ ညောင်ဦးခရိုင် (နောင်တွင် "အငှားချထားသူ" ဟုခေါ်တွင်စေရမည်။ ယင်းစကားရပ်တွင် ၎င်း၏
ဆက်ခံသူများနှင့် ဥပဒေအရခွင့်ပြုထားသည့် လွှဲအပ်ခြင်း ခံရသူများ ပါဝင်သည်။) က တစ်ဘက်နှင့်

အုပ်ချုပ်မှုဒါရိုက်တာဒေါ်သန်းသန်းမြင့် ကိုယ်စားပြုသော Bagan Beach Resort Co. Ltd. အမှတ်(၅၂) ဦးဝိစာရလမ်း၊ အခန်းအမှတ်(၂၀၃)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်တည်ရှိသော မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ (နောင်တွင် "အငှားချထားခြင်းခံရသူ" ဟုခေါ်တွင် စေရမည်။ ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများနှင့် ဥပဒေအရခွင့်ပြုထားသည့် လွှဲအပ်ခြင်းခံရသူများပါဝင်သည်။) ကအခြားတစ်ဘက်တို့သည် အောက်ပါအတိုင်း မြေငှားသဘောတူစာချုပ်ကို ချုပ်ဆိုကြသည်။

၁။ ရည်ရွယ်ချက်၊

ဤမြေငှားစာချုပ်တွင် "အငှားချထားခြင်းခံရသူ" သည် ပြည်ထောင်စုမြန်မာနိုင်ငံ ပုဂံမြို့တွင် နိုင်ငံတကာအဆင့်မှီဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း လေဟာပြင်ကဇာတ်ရုံအပါအဝင် လုပ်ကိုင်ဆောင်ရွက်ရန်ဆန္ဒဖြင့် ပုဂံမြို့၊ ဗူးဘုရားအနီးရှိ ဧရာဝတီမြစ်ကမ်းနားတွင် တည်ရှိသည့် အငှားချထားသူပိုင် (၉.၂၉)ဧကကျယ်ဝန်းသော ပူးတွဲပါမြေပုံမြေနေရာနောက်ဆက်တွဲ(က)ကို BOT စနစ်ဖြင့်ငှားရမ်းရန် အောက်ပါအတိုင်း သဘောတူညီကြပါသည်။

၂။ ငှားရမ်းခ၊

၂-၁။ ဤမြေငှားစာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ အဆောက်အဦးတည်ဆောက်နေဆဲ (၃)နှစ်ကာလအတွင်း ငှားရမ်းခသတ်မှတ်ခြင်းမရှိပါ။ ဟိုတယ်အဆောက်အဦးဆောက်လုပ်ပြီးနောက် လုပ်ငန်းတရားဝင်စတင်ဆောင်ရွက်သည့်နေ့(Grand opening)မှစ၍ အောက်ဖော်ပြပါနှုန်းဖြင့် ငှားရမ်းခကိုသတ်မှတ်ပေးချေရမည်။

(က) ကြမ်းခင်းနှုန်းတစ်နှစ်လျှင် ကျပ်ငွေ(၂၄)သိန်းနှင့် အမေရိကန်ဒေါ်လာ(၂၄၀၀) (သို့မဟုတ်) ဟိုတယ်စုစုပေါင်းဝင်ငွေ၏ ၅% (5 % of total gross income) တို့အနက် ပိုများသောငွေ။ ဤကြမ်းခင်းနှုန်းကို (၅)နှစ်လျှင်တစ်ကြိမ် ပြန်လည်ဆွေးနွေးညှိနှိုင်းရန်ဖြစ်သည်။ အကယ်၍ တိုးရန်ရှိလျှင်လည်း ယခင်ကြမ်းခင်းနှုန်း၏ ၁၅% ထက်မပိုရန်ဖြစ်သည်။

(ခ) နိုင်ငံခြားဝင်ငွေများ၏ ၅% ကို နိုင်ငံခြားဝင်ငွေပေးရန်နှင့် ကျပ်ဝင်ငွေ၏ ၅% ကိုကျပ်ငွေဖြင့်ပေးရန်ဖြစ်သည်။

၂-၂။ နှစ်စဉ်ငှားရမ်းခကိုပေးချေရာတွင် အထက်ဖော်ပြပါနှုန်းဖြင့် တစ်နှစ်လျှင်တစ်ကြိမ်ဘဏ္ဍာရေးနှစ်ကုန်ပြီးနောက် ရက်(၃၀)မြောက်သောနေ့ (ဧပြီလ ၃၀ရက်)နေ့တွင် ပေးချေရမည်။

၃။ ငှားရမ်းခြင်းသက်တမ်း၊

၃-၁။ ဤမြေငှားသဘောတူစာချုပ်အရ ငှားရမ်းခြင်း၏သက်တမ်းမှာ ဟိုတယ်လုပ်ငန်းတရားဝင်စတင်ဆောင်ရွက်သည့်နေ့ (Grand Opening)မှစ၍ ကနဦးအနေဖြင့် (၂၅)နှစ်ဖြစ်ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူခွင့်ပြုချက်နှင့်အညီ ဆက်လက်ငှားရမ်းမည်ဖြစ်သည်။

၃-၂။ သက်တမ်း(၂၅)နှစ်ကုန်ဆုံးပြီးပါက နှစ်ဦးနှစ်ဖက်ညှိနှိုင်းသဘောတူညီမှုအရ တစ်ကြိမ်လျှင်(၅)နှစ်ဖြင့် (၁)ကြိမ်ဆက်လက်တိုးမြှင့်ငှားရမ်းရန်ဖြစ်သည်။ ထိုသို့တိုးမြှင့်ငှားရမ်းခြင်းနှင့်ပါတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရရှိပြီးမှသာလျှင် အတည်ဖြစ်စေရမည်။

၃-၃။ ငှားရမ်းသည့်ကာလကုန်ဆုံးသောအခါတွင် (B.O.T)စနစ်ဖြင့် ဤဟိုတယ်၏ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများအားလုံးကို အငှားချထားသူထံသို့ (၆)လအတွင်း အဖိုးစားနားမဲ့ ပြန်လည်လွှဲပြောင်းပေးရန် သဘောတူပါသည်။ ဤသို့လွှဲပြောင်းရာတွင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလုံးကို အငှားချထားခြင်းခံရသူက သယ်ယူသွားမည်ဖြစ်ကြောင်း သဘောတူညီကြပါသည်။

၄။ သဘောတူစာချုပ်စတင်အကျိုးသက်ရောက်သောနေ့၊

၄-၁။ ဤသဘောတူစာချုပ်သည် အငှားချထားသူနှင့်အငှားချထားခြင်းခံရသူတို့ နှစ်ဦးနှစ်ဖက်မြေငှားသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့်နေ့မှ စတင်၍အကျိုးသက်ရောက်မှုရှိစေရမည်။

၅။ အငှားချထားခြင်းခံရသူများ၏တာဝန်များ၊

၅-၁။ အငှားချထားခြင်းခံရသူသည် အငှားချထားသူနှင့်ရှင်းလင်းစွာပြုလုပ်ထားသော ဆောင်ရွက်ပေးရန်တာဝန်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ငှားရမ်းသည့်ကာလများအတွက် ငှားရမ်းခများကို သတ်မှတ်သဘောတူထားသောနေ့ရက်တွင် ပေးရမည့်အပြင် သက်ဆိုင်ရာအာဏာပိုင်များသို့ ပေးဆောင်ရမည့်ဝန်ဆောင်မှုနှင့်စပ်လျဉ်းသော အခကြေးငွေများကိုလည်း အချိန်မှန်မှန်ပေးဆောင်ရမည်။

(ခ) အငှားချထားသောမြေနေရာကို ထပ်ဆင့်ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ခွဲစိတ်ရောင်းချခြင်း စသည်တို့ကို အငှားချထားသူ၏ စာဖြင့် သဘောတူညီချက်မပါရှိဘဲ လုံးဝဆောင်ရွက်ခြင်းမပြုလုပ်ရ။

(ဂ) ငှားရမ်းသည့်ကာလများတွင် အငှားချထားသောမြေနေရာကိုကောင်းမွန်စွာ ထိန်းသိမ်းရမည်ဖြစ်ပြီး၊ ငှားရမ်းသည့်ကာလ ကုန်ဆုံးသောအခါတွင် ၎င်းမြေနေရာကို အငှားချထားသူထံသို့ ကောင်းမွန်သောအနေအထားအတိုင်း ပြန်လည်လွှဲပြောင်းပေးရမည်။

(ဃ) အငှားချထားသောမြေနေရာတွင် လုပ်ငန်းများဆောင်ရွက် အကောင်အထည်ဖော်ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဝင်တည်ဆဲဥပဒေများနှင့်အညီ ကိုက်ညီမှုရှိအောင်ဆောင်ရွက်ရမည်။

(င) စည်ပင်သာယာအခွန်အပါအဝင်ဖြစ်သော အခြားအလားတူလုပ်ငန်းသဘောအရ ပေးဆောင်ရန်ရှိသောအခွန်အကောက်များကို ပေးဆောင်ရမည်။

(စ) အငှားချထားသောမြေပေါ်ရှိ အဆောက်အအုံများနှင့် လုပ်ငန်းအတွက် လိုအပ်သောအာမခံများကို မြန်မာနိုင်ငံသားများရင်းနှီး မြှုပ်နှံမှုဥပဒေနှင့် မြန်မာ့အာမခံဥပဒေများနှင့်အညီထားရှိရမည်။

(ဆ) အငှားချထားခြင်းခံရသူသည် မိမိလုပ်ငန်းမှစွန့်ပစ်ပစ္စည်းကြောင့်ပတ်ဝန်းကျင်ရှိမြေနေရာ၊ ရေနှင့်လေထုညစ်ညမ်းမှုများမှ ကာကွယ်ရေးအတွက်တာဝန်ယူသည်။

၁၂။ ကိုယ်စားပြုခြင်းနှင့်အာမခံချက်၊

၁၂-၁။ဤမြေငှားစာချုပ်ကိုချုပ်ဆိုကြသူနှစ်ဦးနှစ်ဖက်တို့သည် ဤသဘောတူစာချုပ်ကိုချုပ်ဆိုနိုင်ရန်အတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ တရားဝင်ဖွဲ့စည်းတည်ထောင်ထားကြပြီးလျှင် ဥပဒေအရလုပ်ပိုင်ခွင့်၊ အခွင့်အာဏာနှင့် စီးပွားရေးအရနိုင်မာတောင့်တင်းသူများဖြစ်ကြောင်းအာမခံသည်။

၁၃။ အကြောင်းကြားစာ၊

၁၃-၁။ဤသဘောတူစာချုပ်နှင့်ပါတ်သက်၍ အကြောင်းကြားစာနှင့်အခြားဆက်သွယ်မှုများအား အောက်ဖော်ပြပါလိပ်စာများအတိုင်း မြန်မာဘာသာဖြင့်ရေးသားပြီးလျှင် စာတိုက်မှမှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ၊ သို့မဟုတ် ဖက်(စ်)ဖြင့်ဖြစ်စေ၊ နှစ်ဦးနှစ်ဖက် ဆက်သွယ်ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ပေးပို့ရာတွင် သဘောတူစာချုပ်ချုပ်ဆိုစဉ်က အောက်ပါလိပ်စာအတိုင်းသော်လည်းကောင်း တစ်ဖက်မှအကြောင်းကြားလာသည့် အခြားလိပ်စာဖြင့်သော်လည်းကောင်း ဆက်သွယ်ပေးပို့ရမည်။

(က)	"အငှားချထားသူ"	(၁) အမည်	- ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန
		(၂) လိပ်စာ	- ပုဂံမြို့၊ ညောင်ဦးခရိုင်၊
		(၃) ဖုန်းအမှတ်	- (၀၆၂) ၇၀၁၀၄
		(၄) ဖက်(စ်)အမှတ်	- (၀၆၂) ၇၀၂၇၁
		(၅) ကုမ္ပဏီနံပါတ်	- နိုင်ငံတော်အစိုးရအဖွဲ့အစည်း
(ခ)	"အငှားချထားခြင်းခံရသူ"	(၁) အမည်	- Bagan Beach Resort Co. Ltd.
		(၂) လိပ်စာ	- အမှတ်(၇၂)ဦးဝိစာရလမ်း၊အခန်း(၂၀၃)၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
		(၃) ဖုန်းအမှတ်	- (၉၅ ၁) ၅၀၉ ၄၀၂
		(၄) ဖက်(စ်)အမှတ်	- (၉၅ ၁) ၅၂၇ ၃၇၉
		(၅) ကုမ္ပဏီနံပါတ်	- ၃၈၈ / ၉၄-၉၅

၁၃-၂။ယခုကဲ့သို့စာရွက်စာတမ်းများပေးပို့ဆက်သွယ်သည့်အခါတွင် ပေးပို့ခြင်းကို ဥပဒေနှင့်အညီတရားဝင်ဆောင်ရွက်ပြီးပါက ပေးပို့ခြင်းကိစ္စပြီးမြောက်ပြီးဖြစ်သည်ဟု အတည်ပြုနိုင်သည်။ အကယ်၍တစ်ဖက်မှ လိပ်စာအပြောင်းအလဲရှိပါက စာဖြင့်ရေးသားပေးပို့ပြီး အကြောင်းကြားစာကိုပေးပို့ရမည်။

။ အငှားချထားသောမြေပုံ၊

၁၄-၁။ဤမြေငှားသဘောတူစာချုပ်အရ အငှားချထားမည့်မြေပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အငှားချထားသူပိုင်ဆိုင်သည့် (၉.၂၉) ဧက ကျယ်ဝန်းသောမြေနေရာပြပုံကို နောက်ဆက်တွဲ(က)တွင် ပူးတွဲဖော်ပြထားသည်။

၁၅။ တွင်းထွက်ပစ္စည်းများနှင့်သယံဇာတပစ္စည်းများ၊

၁၅-၁။ဤမြေငှားစာချုပ်အရ ငှားရမ်းမှုပြုလုပ်ထားသောမြေနေရာတွင် မည်သည့်အချိန်တွင်မဆိုတွက်ပေါ်ရရှိလာသော ဓါတ်သတ္တုများ၊ သဘာဝတွင်းထွက်သယံဇာတပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ ကြေးနီ၊ ရေနံနှင့်အခြားသောတူးဖော်ရရှိလာမည့်သဘာဝအရင်းအမြစ်များအားလုံးသည် အငှားချထားသူနှင့်သက်ဆိုင်စေရမည်ဖြစ်ပြီး အငှားချထားသူအနေဖြင့် သက်ဆိုင်ရာအစိုးဌာနသို့ အကြောင်းကြားတင်ပြပေးရမည်ဖြစ်သည်။

၁၆။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း၊

၁၆-၁။ "အငှားချထားခြင်းခံရသူ" သည် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ဘေးအန္တရာယ်ကျရောက်မှုနှင့်ညစ်ညမ်းမှုများတို့မှ ကာကွယ်ရန်အတွက် လိုအပ်သောကြိုတင်ပြင်ဆင်မှုများကို "အငှားချထားခြင်းခံရသူ"မှ ဆောင်ရွက်ပေးရမည်။ ၎င်းတို့၏အစိတ်အပိုင်းပေါ်တွင် ဆောင်ရွက်မည့်လုပ်ဆောင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှုကြောင့်ပေါ်ပေါက်လာမည့် မည်သည့်လျော်ကြေးတောင်းဆိုမှုမျိုးကိုမဆို "အငှားချထားသူ" အပေါ်တွင်တာဝန်မရှိစေရ၊ "အငှားချထားခြင်းခံရသူ" ကသာ ကျခံပေးချေရမည်။

၁၇။ လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံကြေး၊

၁၇-၁။အငှားချထားခြင်းခံရသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီးနောက် စာချုပ်ဝင်နှစ်ဦးနှစ်ဘက် B O T စံနစ်အရ မြေငှားရမ်းခြင်းသဘောတူစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း အငှားချထားသူအမည်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တရားဝင်ခွင့်ပြုထားသောဘဏ်သို့ လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံကြေးငွေအဖြစ် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ၏(၁)%နှင့်ညီမျှသော ကျပ် ၁၈,၇၉,၅၀၀/-(ကျပ်တစ်ဆယ့်ရှစ်သိန်း၊ခုနစ်သောင်း၊ကိုးထောင်၊ငါးရာတိတိ)ကို ပေးသွင်းရမည်။ ယင်းလုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံကြေးငွေကို လုပ်ငန်းတည်ဆောက်မှုကာလပြီးဆုံး၍ လုပ်ငန်းစတင်ဖွင့်လှစ်ဆောင်ရွက်သည့်နေ့တွင် အငှားချထားခြင်းခံရသူသည် ပြန်လည်ထုတ်ယူပိုင်ခွင့်ရှိစေရမည်။ ယင်းကာလအတွင်း အငှားချထားခြင်းခံရသူဘက်မှ ပျက်ကွက်လျှင် အဆိုပါဘဏ်အာမခံကြေးငွေများကို အငှားချသူသည် သိမ်းယူပိုင်ခွင့်ရှိစေရမည်။ လုပ်ငန်းဆောင်ရွက်မှု ဘဏ်အာမခံကြေးပုံစံကို ပူးတွဲဖော်ပြထားပါသည်။

၁၈။အထွေထွေ၊

၁၈-၁။ဤမြေငှားသဘောတူစာချုပ်နှင့်အတူပူးတွဲထားသောနောက်ဆက်တွဲများသည် ဤစာချုပ်၏တစိတ်တဒေသဖြစ်သည်။

ဤသဘောတူစာချုပ်ကို အထက်ဖော်ပြပါ ၂၀၀၂ခုနှစ်၊-----------လ(--)ရက်နေ့တွင် နှစ်ဦးနှစ်ဘက်မှတရားဝင်ကိုယ်စားလှယ်များက တံဆိပ်ရိုက်နှိပ်ပြီး အောက်ပါအသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးသဘောတူကြသည်။

အငှားချထားသူ ကိုယ်စား

လက်မှတ် ----------------------

ယဉ်ကျေးမှုဝန်ကြီးဌာန၊
ရှေးဟောင်းသုတေသနဦးစီးဌာန၊ ပုဂံမြို့၊
(ကိုယ်စား ဒုညွှန်ကြားရေးမှူးချုပ်
ဦးအောင်ကြိုင်လက်မှတ်ထိုးသည်)
မှတ်ပုံတင်အမှတ် - MBU 031 326

အငှားချထားခြင်းခံရသူ ကိုယ်စား

လက်မှတ် -----------------

Bagan Beach Resort Co. Ltd.
(ကုမ္ပဏီကိုယ်စားအုပ်ချုပ်မှုဒါရိုက်တာ
ဒေါက်တာဒေါ်သန်းသန်းမြင့်လက်မှတ်ထိုးသည်)
မှတ်ပုံတင်အမှတ် - ၁၂/သဃက(နိုင်)၀၁၃၈၁၂

အသိသက်သေများ

လက်မှတ် ----------------
အမည် -------------------
မှတ်ပုံတင်အမှတ် --------------

လက်မှတ် ------------------
အမည် ------------------
မှတ်ပုံတင်အမှတ် -------------

FORM OF PERFORMANCE BANK GUARANTEE

Ministry of Culture
Department of Archeology
Bagan, Union of Myanmar

Dear Sir,

<u>Subject : Performance Guarantee</u>

This Performance Guarantee shall constitute a guarantee for the performance by **Bagan Beach Resort Co. Ltd.** for its obligations and performance relating to the hotel operation and all related activities stipulated under the Agreement dated ---------------- 2002 executed between the Ministry of Culture, Department of Archeology, Bagan and Bagan Beach Resort Co. Ltd., Yangon.

In accordance with the aforesaid, We Bagan Beach Resort Co. Ltd. and the Myanma Investment & Commercial Bank (MICB) hereby guarantee to you the true and faithful performance of the aforesaid Agreement by and we irrevocably undertake to pay Performance Bank Guarantee amount Kyats ------- /- (Kyat --------Million --------- Hundred Thousand only) to you within (30) days from the date of signing of this Agreement together with your written declaration and the detailed description of the opening date after completion of construction period breach of any terms and conditions and failed in its obligations and performance prescribed by the said Agreement. Our liability to you under the said Bank Guarantee shall not in any event exceed the sum of Kyats -------- /- (Kyat -------- Hundred Thousand only).

This is the agreed sum of the Performance Guarantee for the aforesaid Agreement against restitution of the Original of this Performance Guarantee accompanied by your written declaration as aforesaid.

Our Guarantee will remain valid for a period of the opening date after completion of construction from the effective date of this Agreement and any renewal therefor contained in the aforesaid Agreement or until any premature termination not attributable to the breach of conditions of or of failure to perform its obligations under the said Agreement by whichever is earlier whereupon our guarantee herein shall become null and shall be of no effect whatsoever.

Date : this day of 2002

Truly yours,
-------------------------- Bank.

မြေစာရင်းပုံစံ (၁၀၅)

ရုံးခွန်တံဆိပ်ခေါင်း ၆ ကျပ် K6

နောက်ဆက်တွဲ(ဂ)

	သက်သေမခံ	
မှန်ကြောင်း		သော လက်ရှိ မြေပုံတွင် ယခုနှစ် အသုံးပြုသော ဦးပိုင်မြေပုံ လက်ခွဲရေးရန် ပုံစံ
	သက်သေခံ	

ရုံးခွန်, တံဆိပ်ခေါင်းကပ်ရန်


ခရိုင် ညောင်ဦး

မြို့နယ် ညောင်ဦး

ရပ်ကွက် / ကျေးရွာအုပ်စု စောင်ကွဲ

ကွင်း / အကွက် အမှတ်နှင့်အမည် ၁၅၂၂ - မြောင်ကွဲ

ဦးပိုင်အမှတ် မြေကွက် - ၁၆၃ - ၁၆၅ / ၁၆၆



မြေကွက် ဦးပိုင် အမှတ်	အခွန်စည်းကြပ်ခံရသူ ပိုင်ရှင်အမည် / ဂရန်ရှင် အငှားဂရန်ရှင်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့်အတန်း	ဧရိယာ (ဧက)	မှတ်ချက်
၁၆၃	[illegible]	-	ဝA (ကျွန်း)	၆.၅၂	(လ-ခ) ဆက်ခံ[illegible]
၁၆၅	—— " ——	-	ဝA (ချောင်း)	၀.၁၉	
၁၆၆	—— " ——	-	ဝA (ကျွန်း)	၂.၄၈	
				၉.၂၉	

ရေးကူးပေးသည့် အကြောင်းအရာ M - I - C [illegible]

(ပေါ်ပြပါ အကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည် ။)

လျှောက်ထားသူအမည် [illegible]

လျှောက်လွှာတင်သည့်နေ့စွဲ ၁၅.၅.၂၀၀၁

လျှောက်ထားသူထံ ထုတ်ပေးအပ်သည့် နေ့စွဲ ၁၅.၅.၂၀၀၁

ယခု အထက်တွင်ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးသော ၂၀၀၁/၂၀၀၂ ခု အတွက် နောက်ဆက်တွဲ တိုင်းတာခြင်းပြေပုံဖြစ်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးပါသည် ။

အတွဲထိမ်း / မြေတိုင်းစာရေးလက်မှတ်

နေ့စွဲ ၁၅-၅-၂၀၀၁

မြေတိုင်း-၄ (မြေစာရင်း)
မြို့နယ်မြေစာရင်းဦးစီးဌာန
ညောင်ဦးမြို့

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည် ။

လက်ထောက်ဦးစီးမှူးလက်မှတ်

နေ့စွဲ ၁၅-၅-၂၀၀၁

ဦးစီးအရာရှိ
မြို့နယ်မြေစာရင်းဦးစီးဌာန
ညောင်ဦးမြို့

လက်ထောက်ဦးစီးမှူး (မြေစာရင်း)
မြို့နယ်မြေစာရင်းဦးစီးဌာန
ညောင်ဦးမြို့

မြို့နယ်မြေစာရင်းဦးစီးဌာန ညောင်ဦးမြို့
တံဆိပ်
စာအမှတ်
နေ့စွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနဦးစီးဌာန
၃၂-ဗီ၊ ၆ မိုင်ခွဲ ၊ ပြည်လမ်း ၊ လှိုင်စာတိုက်
ရန်ကုန်မြို့။

ဖုံး - ၅၁၂၁၄၀
၅၁၃၈၉၃

စာအမှတ် ၆၇၆၁/၁၃-င
နေ့စွဲ ၊ ၂၀၀၁ ခု၊ ဇန်နဝါရီလ ၁၁ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

အကြောင်းအရာ။ [illegible] CO. LTD. မှပုဂံမြို့ ဗူးဘုရားတောင်ဘက်ရှိ မြေနေရာတွင်ဟိုတယ်ဆောက်လုပ်ရန်ကိစ္စ။

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက် နေ့စွဲပါစာအမှတ်-ရက -၁/မ-၇၅၉/၂၀၀၁(၉၂၅၃)။

၁။ အထက်ပါကိစ္စနှင့်ပတ်သက်၍ မြေငှားစာချုပ်သည် ရှေ့နေရုံးသဘောထားမှတ်ချက်နှင့်အညီပြင်ဆင်ထားသော B[illegible] စာချုပ်ဖြစ်ရန်လိုအပ်ခြင်း နှင့် [illegible] စနစ်ဖြင့်နှစ်ရှည်ငှားရမ်းခ ငွေအားလုံး ကိုနိုင်ငံတော်သို့ပေးသွင်း ရမည်ဖြစ်ပါကြောင်း အကြောင်းကြားခဲ့ပါသည်။

၂။ ယခုပူးတွဲပါ မြေငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း) ကိုသက်ဆိုင်ရာ [illegible] နှင့်ရှေးဟောင်းသုတေသနဦးစီးဌာနတို့ညှိနှိုင်းပြီး၊ ငှားရမ်းခကိုနိုင်ငံတော်သို့သာ ပေးသွင်း၍ [illegible] စနစ်ဖြင့်ငှားရမ်းရန် ရှေ့နေချုပ်ရုံးသဘောထားမှတ်ချက်နှင့်အညီ ရေးသွဲ၍ပြန်လည် ပေးပို့တင်ပြပါသည်။

(ညွှန့်ဟန်)
ညွှန်ကြားရေးမှူးချုပ်

11.1.2002

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ယဉ်ကျေးမှုဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၂/၄-၁၄/ ၂၀၀၁ (၁၄၆၇)

ရက်စွဲ၊ ၂၀၀၁-ခုနှစ်၊ ဇွန်လ (၂၉) ရက်။

<u>သက်ဆိုင်ရာသို့</u>

အကြောင်းအရာ။ ။ <u>ပုဂံမြို့ ဗူးဘုရားတောင်ဘက်ရှိ မြေနေရာတွင် လေဟာပြင် ကဇာတ်ရုံ စားသောက်ဆိုင်နှင့် ဟိုတယ်ဆောက်လုပ်ရေးအတွက် BOT စနစ်ဖြင့် မြေငှားရမ်းခြင်းကိစ္စ။</u>

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ပုဂံမြို့ ဗူးဘုရား တောင်ဘက်ရှိ မြေနေရာတွင် BAGAN BEACH RESORT CO., LTD- သို့ ကဇာတ်ရုံ၊ စားသောက်ဆိုင်နှင့် ဟိုတယ် ဆောက်လုပ်ရန် မူလကဝန်ထမ်းသက်သာ ရံပုံငွေအတွက် (၁)နှစ်ချင်း ငှားရမ်းမည့် စနစ်အစား၊ တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်း BOT စနစ်ဖြင့် မြေငှားရမ်းရေး သဘောတူပါကြောင်း ပြန်ကြားအပ်ပါသည်။

(ဝင်းစိန်)

ဝန်ကြီး

ယဉ်ကျေးမှုဝန်ကြီးဌာန

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၇၂၇၁၆။

စာအမှတ်၊ ရက - ၁/ ၇၂၇/၂၀၀၁ (၁၈၁၅-ကာ)
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ မေ လ [illegible] ရက်။

အကြောင်းအရာ။ ။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနပိုင် ပုဂံမြို့၊ ဘုရားလောင်ဘက် ရှိ မြေနေရာတွင် လေဟာပြင်ဟတ်ရုံ စားသောက်ဆိုင်နှင့် ဟိုတယ် ဆောက်လုပ်ရန်ကိစ္စ။

ရည်ညွှန်းချက်။ ။ ယဉ်ကျေးမှုဝန်ကြီးဌာန၏ (၉-၄-၂၀၀၁)ရက်စွဲပါစာအမှတ်၊ ၂/၄-၁၄/၂၀၀၁(ဂ၁၇)။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရည်ညွှန်းချက်ပါစာကို လက်ခံရရှိခဲ့ပါသည်။

၂။ အဆိုပါတင်ပြစာနှင့်စပ်လျဉ်း၍ ကော်မရှင်အစည်းအဝေးသို့တင်ပြနိုင်ရန် အောက်ဖော်ပြပါအချက်များအား လိုအပ်သကဲ့သို့ပြင်ဆင်ပြီး ကော်မရှင်သို့ပြန်လည်ပေးပို့ပါရန်ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။

(က) အဆိုပြုလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏ ဖော်ပြပေးပါရန်
(ခ) စာချုပ်(မူကြမ်း)အပေါ် ရှေ့နေချုပ်ရုံး၏သဘောထားမှတ်ချက် ပူးတွဲပေးပို့ပါရန်
(ဂ) ဆောက်လုပ်မည့်အဆောက်အဦးအတိုင်းအတာများ (Lay Out Plan) ဖော်ပြပေးပါရန်
(ဃ) ဝန်ထမ်းသက်သာအတွက် ငှားရမ်းမည်ဆိုပါက တစ်နှစ်ချင်းငှါးရမ်းသည့်နှုန်းဖြင့်အများဆုံး (၅) နှစ်သာငှါးရမ်းခွင့်ရှိပါသည်။
(င) ငှားရမ်းခ ခွဲဝေမှုအစီအစဉ်
(စ) မြေအသုံးချမှုပရိမိယံ ကြေးသတ်မှတ်ချက်ရှိမရှိ

ဦးအေးဌ (ကိုယ်စား)
(ဗိုလ်မှူးကြီးလင်းဆော်၊ အထူးအရာရှိ)

ဝန်ကြီးရုံး
ယဉ်ကျေးမှုဝန်ကြီးဌာန။
မိတ္တူကို - ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ရှေ့နေချုပ်ရုံး

စာအမှတ်၊ ၂(၁)ရ-၂၃ (၁၀၁) ,

ရက်စွဲ ၂၀၀၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်

အကြောင်းအရာ။ ယဉ်ကျေးမှုဝန်ကြီးဌာနပိုင်၊ ပုဂံမြို့၊ ဗူးဘုရား တောင်ဘက်ရှိ မြေနေရာကို ဟိုတယ်ဆောက်လုပ်ရန် အတွက်ငှားရမ်းမည့်စာချုပ်(မူကြမ်း)စိစစ်ရန်ကိစ္စ

ရည်ညွှန်းချက်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂-၄-၂၀၀၁ ရက်စွဲပါစာအမှတ် ၂/၄-၁၄/၂၀၀၁(ရ၅၆)

၁။ ယဉ်ကျေးမှုဝန်ကြီးဌာနပိုင်၊ ပုဂံမြို့၊ ဗူးဘုရား တောင်ဘက်ရှိ မြေနေရာကို Bagan Beach Resort Co., Ltd. မှ ဟိုတယ်ဆောက်လုပ်ရန် အတွက်ငှားရမ်းမည့် မြေငှားစာချုပ်(မူကြမ်း)ကိုစိစစ်ပေးပါရန် ရည်ညွှန်း စာဖြင့်မေးမြန်းလာသောကြောင့်ပြန်ကြားပါသည်။

၂။ ပူးတွဲပေးပို့လာသောစာချုပ်(မူကြမ်း)ကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း သုံးသပ်အကြံပြုပါသည်—

(က) စာချုပ်(မူကြမ်း)အပိုဒ် ၂-၁ တွင် မြေငှားစာချုပ် ချုပ်ဆိုသည့်နေ့မှစ၍ ဆောက်လုပ်ငန်းဆောင်ရွက်ကာလတွင် ငှားရမ်းခမယူသည့်ကြောင်း ဖော်ပြထားသော်လည်း ထိုဆောက်လုပ်ကာလကို စာချုပ်ချုပ်သည့်နေ့မှစ၍ မည်သည့် နေ့အထိဖြစ်ကြောင်း သတ်မှတ်ထားခြင်းမရှိပါ။ ယင်းဆောက်လုပ်ကာလကို တိကျသတ်မှတ်ရန်လိုအပ်ပါသည်။ ထို့ ပြင်စုစုပေါင်း [illegible] ပင်ငွေကိုအပိုဒ် ၂-၁(ခ) ၌ [illegible] ပင်ငွေကိုပါ ရှိ နေရာ [illegible] ပင်ငွေ [illegible] မရေရာ ပါသဖြင့်ဖြစ်နိုင်သော [illegible] ပြင်ဆင်ရေးသားသင့် ပါသည်။

(ခ) စာချုပ်(မူကြမ်း)အပိုဒ် ၂-က(ဂ) တွင် ဒေါ်လာ (သိန်းပေါင်း) [illegible] ရှိ [illegible] ငွေ [illegible] နိုင်ငံ [illegible] ဆောက် [illegible] ငွေ

နှင့်ပြောင်းလဲထွက်ချက်ပေးရန် ဖော်ပြထား ရာယင်း အချက်သည် တရားပင်–မပင် အဆိုရှိရာနှင့်ပတ်သက်၍ ဖြင့်သောင်ထွက်နိုင်ခြင်း ရှိ–မရှိ သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းသင့်ပါသည်။

(ဂ) စာချုပ်(မူကြမ်း) အပိုဒ် ၃ တွင် မြေအသုံးချမှုပရီမီယံကြေးကိုသင့်တော်သောနှုန်းထားဖြင့်ပေးသွင်း ရန် ဖော်ပြထားရာ တိကျမှုမရှိသဖြင့် မြေအသုံးချမှုပရီမီယံကိုမည်သည့်နှုန်းထား မည်သည့်အချိန်ပေးသွင်းမည် ကို တိကျစွာသတ်မှတ်ဖော်ပြရန်လိုအပ်ပါသည်။

(ဃ). စာချုပ်(မူကြမ်း) အပိုဒ် ၄ တွင်ငှားရမ်းကာလ နှစ် ၃၀ ဟုဖော်ပြပါက နောက်ထပ်တစ်ကြိမ်လျှင်နှစ် ၃၀ သက်တမ်းတိုးမြှင့်ရန် ရေးသားထားရာ ယင်းသို့တစ်ကြိမ် လျှင်နှစ် ၃၀ တိုးမြှင့်ခွင့်မရှိသဖြင့် မြေငှားစာချုပ်များ တွင်ပါရှိသည့်အတိုင်း တစ်ကြိမ်လျှင် ၁ နှစ်ဖြင့် ၃ ကြိမ် တိုးမြှင့်နိုင်ရန်ပြင်ဆင်ရေးသားပေးလိုက်ပါသည်။

(င) စာချုပ်(မူကြမ်း) အပိုဒ် ၇–၁(က) တွင်ဖော်ပြချက် နှင့်စပ်လျဉ်း၍ အငှားချထားသူမှ [illegible] သောကိစ္စ – အားလုံးကိုဆောင်ရွက်ပေးနိုင်မည်မဟုတ်သဖြင့်လိုအပ် သလိုပြင်ဆင်ရေးသားပြီးပေးလိုက်ပါသည်။

(စ) စာချုပ်ဝင်များသည် မြန်မာနိုင်ငံတော်၏ ဥပဒေ နှင့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီဖြစ်၍ အပိုဒ် ၁၁ ပါ [illegible] သော ဥပဒေနှင့် အပိုဒ် ၁၅ ဘာသာစကား အပိုဒ်တို့ကိုပယ်ဖျက်ပေးလိုက်ပါသည်။

(ဆ) [illegible] ဥပဒေပုဒ်မ ၉ အရ အတိုး [illegible] နှုန်းထား [illegible] သက်သာခွင့်မရသေး၍ မြေငှား စာချုပ်ပေါ်တွင် [illegible] ရမ်းခ ၁၀% နှင့်ညီမျှသော [illegible] ရသုကာထမ်းဆောင်ရမည်ဖြစ်ပါသည်။

(ဇ) အခြားလိုအပ်သောနေရာများ ပြင်ဆင်မှုဖြင့်ပြင်ဆင် ဖြည့်စွက်ပေးလိုက်ပါသည်။

၃။ Dagon Beach Resort Co., Ltd. ကျိုးပျက်များ ဝင်ရွှံ့စေခြင်း တား သောကျောက်ဖြိုဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်း ကိုကျင့်သုံးရန် ငွေ ကြေး အင်အား ရှိ မရှိ နှင့်စာချုပ်မှ င်လေပျက် ရေး ထိုး ပြည်သူ့ပြဿနာများ ဝင် ရွှဲအပ်ခြင်း ခံရသူဟုတ် မဟုတ်စသည်တို့အားမှတ်သင် ပိုင်ပြုထားပြီးဖြစ်စေ အကြောင်းများ အကြောင်း ယုံစိစစ်သင့်ပါသည်။

၄။ ယခု မြေနှင့်ဆိုင်ခြင်း ကိုပုပ်ချို၊ ရွှေ ကောင်း သုံး ခေသနဦး စီး ဌာန၊ ဝန်ထမ်း သက်သာ ချောင်ချိ ရေး ရန်ပုံငွေမရှိ ရေး လှေကြိုပြုလုပ်ခြင်း ဖြစ်ကြောင်း၊ စာချုပ် (မူကြမ်း) ပါရှိမှုတ်ချက်တွင် ဖော်ပြထား သည် ကို တွေ့ရှိရပါသည်။ ဝန်ထမ်း သက်သာ ချောင်ချိ ရေး ရန်ပုံငွေသက်မ်း (၃၀) မြေနှင့် ရမ်း ခွင့် ရှိ မရှိ မြေပိုင်ဆိုင်ခွင့်ရင်း နှင့် ဆုပ်ကိုင်ထားမှု နှင့်ပတ်သမ္မို့ ရှိုင်း သင့်ပါသည်။

၅။ စာချုပ်(မူကြမ်း)ကိုလက်မှတ် ရေး ထိုး ပြီး ပါက ပွင့်လင်း တင် ယား နိုင်ရန်အတွက်ကြုံး သို့ မိတ္တူ (၃) စောင် ပေး ပို့ပါရန် မေတ္တာရပ်ခံအပ် ပါသည်။

ညွှန်ကြား ရေး မှူး ချုပ် (ကိုယ်စား)
(ဒေါ်ဒေဝင် ၊ ညွှန်ကြား ရေး မှူး)

ယဉ်ကျေးမှုဝန်ကြီးဌာန

ဘာသာပြန်ဆောင်းပါး

YOMA BANK
your bank

21nd, June , 2001.

Ref:No.Bcl (571) / 2001-01

To Whom It May Concern

Upon request of the Account Holder mentioned hereunder, we certify that the said account has a balance of the stated sum at the close of business on the said date.

This certification is given without responsibility to our bank or its officers.

Name and Number of Account	Date	Balance in Account
Bagan Beach Resort Co.Ltd 17-12032	20-6-2001	K 50,000,000.00
Balance in Words: (Kyats - Fifty million - Only)		

Yours faithfully,

Manager
Accounts Department
Yangon Main Branch

ရိုးမဘဏ်
သင့်ဘဏ်

No.1 Kun Gyan Road, Mingalar Taung Nyunt Township, Yangon, Myanmar.
Tel: (01) 701496, 701492, 277460, 242138, 246547 Fax: (01) 249005, 249241, 240051

အဆိုပြုသူမှတ်ပုံတင်မိတ္တူ။

နိုင်ငံသား စိစစ်ရေး ကတ်ပြား

အရပ်… ၅'

သွေးအုပ်စု…

ထင်ရှားသည့် အမှတ်အသား…



(အမှတ်)…

ရက်စွဲ…

အမည်…

ဖခင်၏အမည်…


မွေးသက္ကရာဇ်…

လူမျိုး…

ကိုးကွယ်သည့်ဘာသာ…

ထုတ်ပေးသူ၏လက်မှတ်

အမည်…



ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း
ဝန်ကြီးဌာန၏ခွင့်ပြုမိန့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁၈ ဘ ၂၀၀၁/၅၆၆

ရက်စွဲ၊ ၂၀၀၁ ခုနှစ် မေ လ ၂၅ ရက်။

အကြောင်းအရာ။ ဆောက်လုပ်ခွင့်ပြုမိန့်ရရှိပြီး ဟိုတယ်၊ တည်းခိုခန်းများ ဆက်လက်ဆောင်ရွက်ရန်ကိစ္စ။

ပုဂံမြို့၊ ဘူးဘုရား တောင်ဘက်၊ ယခင် ယဉ်ကျေးမှုဇာတ်ရုံ နေရာတွင်ဖွင့်လှစ်ဆောင်ရွက်မည့် BAGAN BEACH RESORT အား၊ ဤဝန်ကြီးဌာနမှ (၂၂-၅-၂၀၀၁) ရက်နေ့တွင် ဆောက်လုပ်ခွင့်ပြုမိန့်ချမှတ်ပေးပြီး ဖြစ်၍၊ အဆောက်အဦး ဆောက်လုပ်ပြုပြင်ရေးကို၊ စည်ပင်သာယာရေး ကော်မတီဖြင့် ညှိနှိုင်း ဆောင်ရွက်ရန်နှင့်ပြီးစီးပါက၊ လုပ်ငန်းလိုင်စင်ရရှိရေးအတွက် ဤဝန်ကြီးရုံး သို့ပြန်လည်တင်ပြရန်အကြောင်းကြားပါသည်။

ဝန်ကြီး (ကိုယ်စား)
(တင်မောင်အေး၊ ရုံးအဖွဲ့မှူး)

ဒေါက်တာသန်းသန်းမြင့်
BAGAN BEACH RESORT CO.,LTD.
၅၂၊ ဦးဝိစာရလမ်း၊ အခန်းအမှတ်(၂၀၃)
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

/ပြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ဟိုတယ်နှင့်တည်းခိုရိပ်သာတည်ဆောက်ရေးလုပ်ငန်း

ခွင့်ပြုမိန့်

၂၀၀၁ ခုနှစ်၊ မေ လ ၂၂ ရက်၊

ခွင့်ပြုမိန့်အမှတ်-- ၀၆၅၀

မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေ ပုဒ်မ ၁၁ အရ ဤခွင့်ပြုမိန့်ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ထုတ်ပေးလိုက်သည်-

(က) လုပ်ငန်းရှင်အမည်-- ဒေါက်တာသန်းသန်းမြင့် (Bagan Beach Resort Co.,Ltd)

(ခ) အမျိုးသားမှတ်ပုံတင်အမှတ်-- ၁၂/သဃက(နိုင်)၀၁၃၇၁၂

(ဂ) နိုင်ငံသား-- မြန်မာ

(ဃ) နေရပ်လိပ်စာအပြည့်အစုံ-- ၇၂၊ ဦးဝိစာရလမ်း၊ အခန်းအမှတ်(၂၀၃) ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ။

(င) အဖွဲ့အစည်းအမည်-- Bagan Beach Resort Co., Ltd .

(စ) အဖွဲ့အစည်း လိပ်စာအပြည့်အစုံ-- ၇၂၊ ဦးဝိစာရလမ်း၊ အခန်းအမှတ်(၂၀၃) ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ။

(ဆ) ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းအမျိုးအစား-- BAGAN BEACH RESORT HOTEL

(ဇ) မတည်ငွေရင်း--

(၁) ကျပ်ငွေ-- ၂၇၆၅၄၀၀၀ဝိ/-

(စာဖြင့်) ကျပ်နှစ်ရာခုနှစ်ဆယ့်ခြောက်သန်းငါးသိန်းလေးသောင်းတိတိ

(၂) ဒေါ်လာ-- မရှိပါ

(စာဖြင့်)-- မရှိပါ

(ဈ) လုပ်ငန်းဆောက်လုပ်/ပြုပြင် မွမ်းမံမည့်ကာလ-- (၃) နှစ်

(ည) လုပ်ငန်းဆောက်လုပ်/ပြုပြင် မွမ်းမံမည့်နေရာ-- ညောင်ဦးမြို့၊ တောင်ဘီကျေးရွာ၊ ပုဂံကွင်းအမှတ်-၁၅

(ဋ) လုပ်ငန်းဆောက်လုပ်/ပြုပြင် မွမ်းမံမည့်မြေဧရိယာ-- (၉.၂၉) ဧက

(ဌ) အဆောက်အအုံပမာဏ (၁) အထပ်-- ၄ခန်းတွဲ (Chalet Type)

(၂) အခန်း-- (၁၀၀) ခန်း

ဝန်ကြီး

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

ဟိုတယ်အဆောက်အဦးပုံစံ

Table 9 (A)

အဆောက်ဦးပုံစံ နှင့် တန်ဘိုးဇယား

	တန်းဘိုး(ကျပ် ၀၀၀)
အခန်းတစ်ခန်း (၂၃ ပေ ၂၃ ပေ) တန်ဘိုး	308.82
လေးခန်းတွဲပါအဆောက်အဦးတစ်လုံး၏ တန်ဘိုး	1,235.28
စုစုပေါင်းအဆောက်အဦးနှစ်ဆယ့်ငါးလုံး၏ တန်ဘိုး	30,882.00

ညောင်ဦးမြို့နယ်မှ သက်ဆိုင်ရာ
အစိုးရဌာနများ၏ထောက်ခံချက်

ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
တောင်ဘီကျေးရွာ၊ညောင်ဦးမြို့နယ်

စာအမှတ်၊..................
ရက်စွဲ၊..................
ညောင်ဦးမြို့နယ်
တောင်ဘီ ကျေးရွာ

ထောက်ခံချက်

ညောင်ဦးမြို့နယ်၊ တောင်ဘီကျေးရွာအုပ်စု၊ ပုဂံကွင်းအမှတ် ၁၅၂၂/မြေကွက်အမှတ် ၁၆၄ ၁၆၅၊ ၁၆၆ မြေ (၉.၆၅)ကေပေါ်တွင် နိုင်ငံခြားသားကမ္ဘာလှည့် ခရီးသည်များအား ဖျော်ဖြေရေး၊ တည်းခိုရေး၊ စားသောက်ရေးတို့အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ရှေးဟောင်းသုတေသနဦးစီးဌာန ဝန်ထမ်းသက်သာရန်ပုံငွေအတွက် Bagan Beach Resort Co. အနေဖြင့် အဆောက်အဦးများ ဆောက်လုပ်မည်ကို တင်ပြလျှောက်ထားလာခြင်းအား ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ တောင်ဘီကျေးရွာမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံအပ်ပါသည်

ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၁) ရက်

(အောင်ကျော်ဦး) 21/2/01
ဥက္ကဋ္ဌ
ကျေးရွာ[illegible]ချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ
တောင်ဘီကျေးရွာအုပ်စု၊ ညောင်ဦးမြို့နယ်

မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း
ညောင်ဦးမြို့နယ်

ထောက်ခံချက်

ညောင်ဦးမြို့နယ်၊ တောင်ဘီကျေးရွာအုပ်စု၊ ပုဂံကွင်းအမှတ် ၁၅၂၂/မြေကွက်အမှတ် ၁၆၄ ၁၆၅၊ ၁၆၆ မြေ (၉.၆၅)ကေပေါ်တွင် နိုင်ငံခြားသားကမ္ဘာလှည့် ခရီးသည်များအား ဖျော်ဖြေရေး၊ တည်းခိုရေး၊ စားသောက်ရေးတို့အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ရှေးဟောင်းသုတေသနဦးစီးဌာန ဝန်ထမ်းသက်သာရန်ပံ့ငွေ အတွက် Bagan Beach Resort Co. အနေဖြင့် အဆောက်အဦးများ ဆောက်လုပ်မည်ကို တင်ပြလျှောက်ထားလာခြင်းအား ညောင်ဦးမြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံအပ်ပါသည်

ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၂) ရက်

၂၂. ၂. ၂၀၀၁
စု-ဦးစီးမှူး ဦးကိုကို - ဓ/၃၆၈၁
မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း
ညောင်ဦးမြို့

ညောင် ဦး မြို့ ရဲ တပ် ဖွဲ့ မှူး ရုံး
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ညောင်ဦးမြို့

ထောက်ခံချက်

ညောင်ဦးမြို့နယ်၊ တောင်ဘီကျေးရွာအုပ်စု၊ ပုဂံကွင်းအမှတ် ၁၅၂၂/မြေကွက်အမှတ် ၁၆၄ ၁၆၅၊ ၁၆၆ မြေ (၉.၆၅)ကေပေါ်တွင် နိုင်ငံခြားသားကမ္ဘာလှည့် ခရီးသည်များအား ဖျော်ဖြေရေး၊ တည်းခိုရေး၊ စားသောက်ရေးတို့အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန ဝန်ထမ်းသက်သာရန်ပုံငွေအတွက် Bagan Beach Resort Co. အနေဖြင့်အဆောက်အဦးများ ဆောက်လုပ်မည်ကို တင်ပြလျှောက်ထားလာခြင်းအား ညောင်ဦးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံအပ်ပါသည်။

ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ လ (၂၂) ရက်

ညောင်ဦး မြို့နယ်

မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
စာအမှတ်...........
ရက်စွဲ...........
ညောင်ဦးမြို့နယ်

မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ညောင်ဦး မြို့

စာအမှတ်၊ ၅ / ၄၃ - ၂၃၀ / ဦး ၆
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်

" ထောက်ခံချက် "

ပုဂံညောင်ဦးမြို့သို့ (၃၁-၁-၂၀၀၁) ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး (၁) ရောက်ရှိစဉ်လမ်းညွှန်မှာကြားချက်အရ ပုဂံမြို့ ဘုရား ကျောင်းဘက်ရှိ နိုင်ငံခြားသား ကမ္ဘာ့လှည့်ခရီးသည်များ ဖျော်ဖြေရေး၊ ကြိုးနိုးရေး၊ စားသောက်ရေး တို့အတွက်ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ထမ်း သက်သာရန်ပုံငွေအတွက် အဆောက်အဦးများ ဆောက်လုပ်ရန်ကွက်အပေါ် သက်ဆိုင်ရာသွားကြား ချက်များနှင့်ညီညွတ်ပါက ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံအပ်ပါသည်။

ဥက္ကဋ္ဌ
(ဦးကျော်တင့်၊ ပ/၂၀၀၀)

မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ညောင်ဦး(ပုဂံ)မြို့
စာအမှတ်၊ / ၈-၀/ ၁၉-၁(၁၀၁)
ရက်စွဲ၊ ၂၀၀၁-ခုနှစ်၊ မတ်လ ၉ ရက်

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ညောင်ဦး(ပုဂံ)မြို့

" ထောက်ခံချက် "

ညောင်ဦးမြို့နယ် ဝေါင်ဘိုးကျေးရွာအုပ်စု ပုဂံကွင်းအမှတ် ၁၁၂၂/ မြေကွက်အမှတ် ၁၆၄၊ ၁၆၅၊ ၁၆၆ မြေ(၉.၂၉)ဧက ပေါ်တွင် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များအား ဖျော်ဖြေရေး၊ တည်းခိုရေး၊ စားသောက်ရေး တို့အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ဝန်ထမ်း သက်သာရန်ပုံငွေအဖွဲ့(Bagan Beach Resort Co.) အနေဖြင့် ဆောက်အဦးများ ဆောက်လုပ်မည်ကို တင်ပြလျှောက်ထားလာခြင်းအား ဤအဖွဲ့မှ ကန့်ကွက်ရန်မရှိ ကြောင်း ထောက်ခံအပ်ပါသည်။

အမှုဆောင်အရာရှိ
(ကျော်ဝေယျ၊ ဒုတိယညွှန်ကြားရေးမှူး)

မိတ္တူကို
- ရုံးလက်ခံ
- မျှောစာတွဲ

ကုမ္ပဏီ၏
(FORM 26 + FORM - E)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ....၃၈၈........... / ၁၉၉၄-၁၉၉၅

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ပုဂံကမ်း [illegible] ကုမ္ပဏီလီမိတက် ....

.... အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက်

ကုမ္ပဏီအဖြစ် ၁၉၉၄ ခုနှစ်၊ ဇူလိုင် ......လ ၂၁..... ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

(ကျော်စော)

ကုမ္ပဏီများမှတ်ပုံတင်အရာရှိ

ကုမ္ပဏီများမှတ်ပုံတင်ရုံး

THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

No. ....388.......... of 1994 - 1995

I here by certify that BAGAN BEACH RESORT COMPANY LIMITED .... is this day incorporated under the Myanmar Companies Act and that the company is Limited.

Given under my hand at Yangon this TWENTY FIRST ...... day of JULY, ONE THOUSAND NINE HUNDRED AND NINETY FOUR.

This new name has been changed from the old one "MYANMAR AQUATIC FARMS LIMITED " vide Letter No.YaKa-8(Ga) 001/2001(4472) of Directorate of Investment and Company Administration, Dated: 16-8-2001.

(KYAW SAW)
Registrar of Joint Stock Companies
Companies Registration Office

*တန်/၃၉၁၀၀၀

ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦး စီး ဌာန

ပြန်ကြား ရေး နှင့်လူမှုဝန်ထမ်း ညှိနှိုင်း ရေး ဌာန

[illegible]

အကြောင်း အရာ။ [illegible]

[redacted]

ရက်စွဲ	ဆောင် ရွက် ချက်	မှတ်ချက်
[illegible] ၇ / ၂၀၀၁	[illegible]	
24.5 / 2001	[illegible] Director DSSW မှ [illegible] [illegible] [illegible]	
17.9 / 2001	[illegible]	
[illegible] ၁၁ / ၂၀၀၁	[illegible] D [illegible]	
[illegible] ၁၂ / ၂၀၀၁	[illegible] AD Dr. Than Than Myint နှင့် [illegible]	
၂၄ ၁၂/၀၁	[illegible]	
၂၄ ၁၂/၀၁	[illegible] D [illegible]	

ရင်း နှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီ များ ညွှန်ကြား မှုဦး စီး ဌာန

ပြန်ကြား ရေး နှင့်လုပ်ငန်း ညှိနှိုင်း ရေး ဌာန

<u>ကင်စာတင်ပြလွှာ</u>

အကြောင်း အရာ။ ။ [illegible]

[redacted]

ရက်စွဲ	ဆောင် ရွက် ရန်	မှတ်ချက်
၁၀ ၇/၂၀၀၇	ရ.ချုပ် ၊ A.D _ Dr. Then Then Myint ထံ [illegible]	
[illegible]/၂၀၀၇	[illegible]	[illegible] [illegible]/၇/၂၀၀၇
၁၀ ၇/၂၀၀၇	[illegible]	
၇ ၁/၀၇	[illegible]	
[illegible]/၀၇	[illegible]	
	၁၀/၂၀၀၂ mic [illegible]	

ပုံစံ(မနသ–၂)

အမှတ် ၁၁၅၇-ယ၁
နေ့ ၁၅-၆-၂၀၀၂

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ မနသ-......၁.၄.၁../၂၀၀၂။ ၂၀၀၂ ခုနှစ်၊ ဇွန် လ ၁၅ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ဒေါက်တာသန်းသန်းမြင့်

(ခ) အဘအမည် ဦးဦးရွှေ

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/သဃက(နိုင်)၀၁၃၀၁၂

(ဃ) နေရပ်လိပ်စာ အမှတ်(၇၂)၊ ဦးဝိစာရလမ်း၊ အခန်းအမှတ်(၂၀၃)
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း ပုဂံကမ်းသာယာကုမ္ပဏီလီမိတက်
(Bagan Beach Resort Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား BOT စနစ်ဖြင့်ဟိုတယ်ဆောက်လုပ်၍
ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခြင်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) ဦးပိုင်အမှတ် ၁၆၄/၁၆၅/၁၆၆ အကွက်
အမှတ် ၁၅၂၂-ပုဂံ၊ တောင်ဘီကျေးရွာအုပ်စု၊ ပုဂံမြို့၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်း

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) (၁၀၇.၉၅)သန်း (ကျပ်တစ်ရာ့ခုနှစ်သန်း
နှင့်ကိုးသိန်း ငါး သောင်း တိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၂၂ /၂၀၀၂ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၄ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

၁။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) သည် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနပိုင်၊ ဦးပိုင်အမှတ် ၁၆၄/၁၆၅/၁၆၆၊ အကွက်အမှတ် ၁၅၂၂-တောင်ဘီ၊ တောင်ဘီ ကျေးရွာအုပ်စု၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းရှိမြေ (၉.၂၉)ဧက (၃၇၅၉၅.၃၃ စတုရန်းမီတာ) ကို ငှါးရမ်းပြီး BOT စနစ်ဖြင့် ဟိုတယ်ဆောက်လုပ်၍ ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက် ခွင့်ပြုပါရန်အဆိုပြုတင်ပြချက်အား(၁၅-၃-၂၀၀၂)နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ (၁၀/၂၀၀၂)အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး (၃၀-၄-၂၀၀၂) နေ့တွင် ကျင်းပပြုလုပ်သည့် ကုန်သွယ်မှု မူဝါဒကောင်စီ၏ (၈/၂၀၀၂)အစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ အဆိုပါ အစည်းအဝေးမှ မူအားဖြင့်သဘောတူပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၆-၆-၂၀၀၂) နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၂၁/၂၀၀၂) အစည်းအဝေးသို့ တင်ပြ ခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) အား ဟိုတယ်လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ-၅၄၅/၂၀၀၂ ကို ထုတ်ပေး လိုက်သည်။

၂။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ဝန်ဆောင်မှု လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြု နိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေ ပုဒ်မ ၁၃(က) အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏ အပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း နိုင်ငံခြား ငွေဖြင့် ရင်းနှီးမြှုပ်နှံသည့် ပမာဏကိုဖော်ပြလျက် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ဝန်ဆောင်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက်နှင့် အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန် အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေ ပုဒ်မ ၁၃(စ) အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လုပ်ငန်းအမှန်တကယ်အကောင်အထည်ဖော်မှုအခြေအနေကိုဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေ ပုဒ်မ ၁၃(ဆ) အရ လုပ်ငန်းသုံးမတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်

နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့် နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုး လျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(င) ဥပဒေ ပုဒ်မ ၁၃(ဓ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန် တကယ် လိုအပ်၍ ပြည်ပမှတင်သွင်းသော လုပ်ငန်းသုံးပစ္စည်းများအပေါ် အကောက်ခွန်နှင့် အခြား ပြည်တွင်း အခွန်အကောက်များကို ကင်းလွတ် ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဓ) အရ ပြည်ပမှတင်သွင်းသည့် လုပ်ငန်းသုံး ပစ္စည်း များနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက် ရမည်။

(က) ပြည်ပမှတင်သွင်းမည့် ပစ္စည်းများအတွက် နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import)ဥပမာ – ပြည်ပတင်ပို့မှုမှ ဝင်ငွေ၊ ပြည်ပချေးငွေ(Loan and Credits)စသည်တို့ကို ဖော်ပြ ရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည် တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား (Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေးအဖွဲ့ငယ်သို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)သည် လုပ်ငန်း အတွက် ပြည်ပမှ လုပ်ငန်းသုံးပစ္စည်းများကို ပြည်ပချေးငွေ (Loan and Credits) ဖြင့် ဝယ်ယူတင်သွင်းပြီး၊ ပြန်လည်ပေးဆပ်သည့် အခါအဆိုပြု လုပ်ငန်းမှရရှိသည့် တရားဝင်နိုင်ငံခြား ငွေဖြင့်သာပေးဆပ်ရမည်။

၅။ အဆိုပြုလုပ်ငန်းအတွက် ပြည်ပမှ လုပ်ငန်းသုံးပစ္စည်းများကို ပြည်ပ ချေးငွေ (Loan and Credits) ဖြင့် ရယူဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ချေးငွေပေးသူနှင့် ယူသူတို့၏ တာဝန်သာ ဖြစ်စေ ရမည်။

၆။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)သည် ဤခွင့်ပြုမိန့် အရ လုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် ဝန်ဆောင်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၇။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်း များကို သီးခြားပြုစုထားရှိရမည်။

၈။ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနနှင့် ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) တို့သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတည်ပြုပြီးဖြစ်သော တည်ဆောက်ခြင်း၊ လုပ်ဆောင်ခြင်း၊ လွှဲပြောင်းခြင်း (B.O.T) စနစ်ဖြင့် မြေငှါးရမ်းခြင်း သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြရမည်။

၉။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနနှင့်

ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) တို့အကြား ချုပ်ဆိုမည့် တည်ဆောက်ခြင်း၊ လုပ်ဆောင်ခြင်း၊ လွှဲပြောင်းခြင်း (B.O.T)စနစ်ဖြင့် မြေငှါးရမ်းခြင်း သဘောတူ စာချုပ် ကို လက်မှတ်ရေးထိုးပြီး သည့်အခါ ယင်းသဘောတူစာချုပ် မိတ္တူ (၅)စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

၁၀။ မြေငှါးရမ်းကာလမှာ ကနဦး (၂၅)နှစ် ဖြစ်ပြီး နောက်ထပ် (၅)နှစ် (၁)ကြိမ် ငှါးရမ်းခွင့်အတွက် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုချက် ရယူရမည်။

၁၁။ မြေငှါးစာချုပ် ချုပ်ဆိုသည့် နေ့မှစ၍ အဆောက်အဦ တည်ဆောက်ဆဲ(၃)နှစ် ကာလအတွင်း ငှါးရမ်းခ သတ်မှတ်ခြင်း မရှိဘဲ၊ လုပ်ငန်းတရားဝင် စတင် ဆောင်ရွက်သည့်နေ့ (Grand Opening) မှစ၍ ငှါးရမ်းခနှုန်းကို သတ်မှတ်ရာတွင် ကြမ်းခင်းနှုန်း တစ်နှစ်လျှင် ကျပ် (၂.၄၀) သန်း နှင့် အမေရိကန်ဒေါ်လာ (၂၄၀၀) (သို့မဟုတ်) ဟိုတယ် စုစုပေါင်းဝင်ငွေ၏ (၅)ရာခိုင်နှုန်း တို့အနက် ပိုများသောငွေဖြင့် ပေးချေရမည်၊ နိုင်ငံခြားဝင်ငွေများ၏ (၅)ရာခိုင်နှုန်းကို နိုင်ငံခြားငွေဖြင့် ပေးရန်နှင့် ကျပ်ဝင်ငွေ၏ (၅)ရာခိုင်နှုန်းကို ကျပ်ငွေဖြင့် ပေးရမည်။

၁၂။ မြေငှါးရမ်းခနှုန်းများကို (၅)နှစ်လျှင် တစ်ကြိမ် ပြန်လည်ညှိနှိုင်းရာတွင် ယခင်ငှါးရမ်းခနှုန်း၏ (၁၅)ရာခိုင်နှုန်း ထက် မပိုစေပဲ ညှိနှိုင်းရမည်။

၁၃။ မြေငှါးကာလ ကုန်ဆုံးသည့်အခါတွင် BOT စနစ်ဖြင့် မြေငှါးရမ်းခြင်း သဘောတူစာချုပ်ပါ စည်းကမ်းများ အတိုင်း လွှဲပြောင်း ပေးရမည်။

၁၄။ လုပ်ငန်းဆောင်ရွက်မှု ဘဏ်အာမခံကြေးအဖြစ် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ၏ (၁)ရာခိုင်နှုန်းနှင့် ညီမျှသော ကျပ် ၁၈,၇၉,၅၀၀/- (ကျပ် တစ်ဆယ့် ရှစ်သိန်း ခုနစ်သောင်း ကိုးထောင့် ငါးရာတိတိ)ကို စာချုပ် လက်မှတ် ရေးထိုးသည့် နေ့မှ ရက်ပေါင်း (၃၀)အတွင်း ရှေးဟောင်း သုတေသန ဦးစီးဌာန အမည်ဖြင့် လုပ်ငန်း တည်ဆောက်မှု ကာလပြီးဆုံး၍ လုပ်ငန်းစတင်ဖွင့်လှစ်ဆောင်ရွက်သည့် နေ့အထိ သက်ဆိုင်ရာဘဏ်တွင် အာမခံ ထားရှိရမည်။

၁၅။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီး ဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)မှ နိုင်ငံခြားသား ကျွမ်းကျင်သူများငှားရမ်းခွင့် ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများ အခန်း(၉)၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက်များနှင့်အညီ ဤကော်မရှင်သို့ သီးခြား တင်ပြလျှောက်ထား ရမည်။

၁၆။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) သည် ဤခွင့်ပြုမိန့် အရ ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ် စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံ များကို ဝန်ခံကတိပြုထားသည့်အတိုင်း စံနစ်တကျထားရှိဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၇။ အဆိုပြုလုပ်ငန်းနှင့် ဆက်စပ်သော မော်တော်ယာဉ် ရပ်နားရန် (Car Parking)ကိစ္စကို စနစ်တကျ ဆောင်ရွက်ထားရှိရမည်။

၁၈။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး (သုံး)လအတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။ ထို့အပြင် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၆)လ တစ်ကြိမ် (ဧပြီ/အောက်တိုဘာလများ) မပျက်မကွက် ပုံမှန်ပေးပို့အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၉။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၀။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) သည် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသောတည်ဆဲစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်းစစ်ဆေးတွေ့ရှိပါကဤခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းသည် အထိ အရေးယူခြင်း ခံရမည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ ရက–၁/မ–၇၅၉/၂၀၀၂ (၁၁၅၇–၈–၁)

ရက်စွဲ၊ ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်။

ဖြန့်ဝေခြင်း–

၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၅။ ကာကွယ်ရေး ဝန်ကြီးဌာန၊ တပ်မတော် ထောက်လှမ်းရေး ဌာနချုပ်ရုံး၊ (ပြည်တွင်း ထောက်လှမ်းရေးဌာန)။
၆။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၇။ အလုပ်သမား ဝန်ကြီးဌာန။
၈။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၉။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန။
၁၀။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၁၁။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၁၂။ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၃။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၄။ ယဉ်ကျေးမှု ဝန်ကြီးဌာန။
[illegible]

၁၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။

၁၇။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။

၁၈။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန။

၁၉။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။

၂၀။ ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန။

၂၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။

၂၂။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။

၂၃။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။

၂၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။

၂၅။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။

၂၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။

၂၇။ ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန ဦးစီးဌာန။

၂၈။ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ညောင်ဦးခရိုင်။

၂၉။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။

၃၀။ အုပ်ချုပ်မှု ဒါရိုက်တာ၊ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ မနသ- [illegible] /၂၀၀၀။ ၂၀၀၀ ပြည့်နှစ်၊ [illegible] လ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် [illegible]

(ခ) အဘအမည် [illegible]

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် [illegible]

(ဃ) နေရပ်လိပ်စာ [illegible]

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း [illegible] (Bagan Beach Resort Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား B.O.T [illegible]

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) [illegible]

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ([illegible]) [illegible]

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

၃၆၈၂ / 14/6   ၄-၅၉၃ / ၁၅/၆

အစွေစွေ အရပ်ရပ် – ၁၆
(ရုံးတွင်းစာ အကျဉ်းချုပ် သို့တည်းမဟုတ် စာကြမ်းရေးရန် အတွက်)

အကြောင်းအရာ။ ။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနပိုင်မြေကို ပုဂံကမ်းသာယာကုမ္ပဏီလီမိတက်မှ ငှါးရမ်း၍ B O T စနစ်ဖြင့်ဟိုတယ် ဆောက်လုပ်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ပုဂံကမ်း သာယာကုမ္ပဏီလီမိတက် (Bagan Beach Resort Co., Ltd.)သည်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနပိုင်၊ ဦးပိုင်အမှတ်၁၆၄/၁၆၅/၁၆၆၊ အကွက်အမှတ် ၁၅၂၂– တောင်ဘီ၊ တောင်ဘီကျေးရွာအုပ်စု၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းရှိ မြေ(၉.၂၉)ဧက(၃၇၁၉၅.၃၃စတုရန်းမီတာ)ကိုငှါးရမ်းပြီး B O T စနစ်ဖြင့်ဟိုတယ် ဆောက်လုပ်၍ဟိုတယ်လုပ်ငန်းကိုမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြချက်အား (၁၅-၃-၂၀၀၂) နေ့တွင်ကျင်းပပြုလုပ်သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၀/၂၀၀၂)ကြိမ်မြောက် အစည်းအဝေးသို့တင်ပြခဲ့ပါသည်။

၂။ ကော်မရှင်မှ မူအားဖြင့်သဘောတူညီခဲ့ပြီး(၃၀-၄-၂၀၀၂) နေ့တွင်ကျင်းပသော ကုန်သွယ်မှုမူဝါဒကောင်စီ၏(၈/၂၀၀၂)ကြိမ်မြောက် အစည်းအဝေးသို့ဆက်လက်တင်ပြခဲ့ပါသည်။ အဆိုပါအစည်းအဝေးမှသဘောတူညီချက်အရ အစိုးရအဖွဲ့သို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက်နှင့်အညီ(၆-၆-၂၀၀၂) နေ့တွင်ကျင်းပပြုလုပ်သည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၂၁/၂၀၀၂)ကြိမ်မြောက်အစည်းအဝေးသို့တင်ပြခဲ့ရာယင်းအစည်းအဝေးမှသဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။

အထွေထွေ အရပ်ရပ် – ၁၆
(ရုံးတွင်းစာ အကျဉ်းချုပ် သို့တည်းမဟုတ် စာကြမ်းရေးရန် အတွက်)

၃။ သို့ဖြစ်ပါ၍မြန်မာနိုင်ငံသား များ ရင်းနှီး မြှုပ်နှံမှုဥပဒေ အခန်း (၅) ပုဒ်မ ၁၀ နှင့်ယင်း ဥပဒေဆိုင်ရာလုပ်ထုံး လုပ်နည်း များအခန်း (၄) အပိုဒ် (၁၂) တို့နှင့်အညီ ပုဂံကမ်း သာယာကုမ္ပဏီလီမိတက် (Bagan Beach Resort Co., Ltd.) သို့ထုတ် ပေး မည့်<u>ခွင့်ပြုမိန့်</u>နှင့်<u>အမိန့် ကြော်ငြာစာ</u> တွင်လက်မှတ် ရေး ထိုး နိုင်ပါရန်ပြုစုတင်ပြအပ်ပါသည်။

၂၅-၆-၂၀၀၂

<u>မိတ္တူ</u>

၂၀

၃၆၈၂ / 14/6   ၄-၄၉၃ / ၁၄/6

အစွေစွေ အရပ်ရပ် – ၁၆
(ရုံးတွင်းစာ အကျဉ်းချုပ် သို့တည်းမဟုတ် စာကြမ်းရေးရန် အတွက်)

အကြောင်းအရာ။ ။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနပိုင်မြေကို ပုဂံကမ်းသာယာကုမ္ပဏီလီမိတက်မှ ငှါးရမ်း၍ B O T စနစ်ဖြင့် ဟိုတယ်ဆောက်လုပ်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ပုဂံကမ်းသာယာကုမ္ပဏီလီမိတက် (Bagan Beach Resort Co., Ltd.) သည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနပိုင်၊ ဦးပိုင်အမှတ် ၁၆၄/၁၆၅/၁၆၆၊ အကွက်အမှတ် ၁၅၂၂-တောင်ဘီ၊ တောင်ဘီကျေးရွာအုပ်စု၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းရှိ မြေ(၉.၂၉)ဧက(၃၇၅၉၅.၃၃စတုရန်းမီတာ)ကို ငှါးရမ်းပြီး B O T စနစ်ဖြင့် ဟိုတယ်ဆောက်လုပ်၍ ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၁၅-၃-၂၀၀၂) နေ့တွင်ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၂၀၀၂) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး (၃၀-၄-၂၀၀၂) နေ့တွင်ကျင်းပသော ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၈/၂၀၀၂) ကြိမ်မြောက် အစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ အဆိုပါအစည်းအဝေးမှ သဘောတူညီချက်အရ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၆-၆-၂၀၀၂) နေ့တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၂၁/၂၀၀၂) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ရာ ယင်းအစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

အတွေ့တွေ့ အရပ်ရပ် - ၁၆
(ရုံးတွင်းစာ အကျဉ်းချုပ် သို့တည်းမဟုတ် စာကြမ်းရေးရန် အတွက်)

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း (၅) ပုဒ်မ ၁၀ နှင့် ယင်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၄) အပိုဒ် (၁၂) တို့နှင့်အညီ ပုဂံကမ်းသာယာကုမ္ပဏီလီမိတက် (Bagan Beach Resort Co., Ltd.) သို့ထုတ်ပေးမည့် <u>ခွင့်ပြုမိန့်</u> နှင့် <u>အမိန့်ကြော်ငြာစာ</u> တွင်လက်မှတ်ရေးထိုးနိုင်ပါရန် ပြုရုတင်ပြအပ်ပါသည်။

25-၆-၂၀၀၂

<u>ဥက္ကဋ္ဌ</u>

၂၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၁၂၉၆/၂၀၀၂ (၀ ၇ ၀)။
ရက်စွဲ၊ ၂၀၀၂ ခုနှစ်၊ ဧပြီလ ၅ ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီ သို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာန ပိုင်မြေကို ပုဂံကမ်းသာယာ ကုမ္ပဏီ လီမိတက်မှ ငှားရမ်း၍ (B.O.T) စနစ်ဖြင့် ဟိုတယ်ဆောက်လုပ်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနပိုင်မြေကို ပုဂံကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) မှ ငှားရမ်း၍ B.O.T စနစ်ဖြင့် ဟိုတယ် ဆောက်လုပ်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၁၅-၃-၂၀၀၂)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၀/၂၀၀၂) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ မြေငှားရမ်းကာလကို ကနဦး(၂၅)နှစ်နှင့် နောက်ထပ် (၅)နှစ် တစ်ကြိမ် တိုးမြှင့်ခွင့်ပြုရန်၊ ပြည်ပမှ တင်သွင်းမည့်လုပ်ငန်းသုံးပစ္စည်းများကို လျှော့ချပြင်ဆင်ရန်နှင့် ပြင်ဆင်တင်ပြလာပါက ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယခုအခါ ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ပြင်ဆင်ပြီး အဆိုပြုချက်ကို တင်ပြလာသဖြင့် ကုန်သွယ်မှု မူဝါဒ ကောင်စီ သို့ ဆက်လက်တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ချေးငွေစာချုပ်(မူကြမ်း)၊ B.O.T စနစ်ဖြင့် မြေငှား သဘောတူစာချုပ်(မူကြမ်း) နှင့် ရှေ့နေချုပ်ရုံး သဘောထား မှတ်ချက်တို့ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၁.၃၂၅)သန်း အပါအဝင် စုစုပေါင်း ကျပ် (၁၈၇.၉၅)သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသား ကျပ် (၁၅၀.၀၀)သန်း၊ အဆောက်အဦတန်ဖိုး ကျပ် (၃၀.၈၈)သန်း {အမေရိကန်ဒေါ်လာ (၀.၁၄၇)သန်း အပါအဝင်}၊ စက်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်း ကျပ်(၂.၆၄)သန်း {အမေရိကန်ဒေါ်လာ (၀.၄၄၁)သန်း } နှင့် ပရိဘောဂနှင့် လုပ်ငန်းသုံး ပစ္စည်း တန်ဖိုး ကျပ် (၄.၄၃)သန်း {အမေရိကန်ဒေါ်လာ (၀.၇၃၇)သန်း } ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ လုပ်ငန်းအတွက် လိုအပ်သော ပြည်ပမှ တင်သွင်းမည့် လုပ်ငန်းသုံးပစ္စည်းများကို မိတ်ဖက် ကုမ္ပဏီ ဖြစ်သော USA California ရှိ Pan Asean Capital Management ကုမ္ပဏီမှ ချေးငွေဖြင့် ဝယ်ယူ ပေးပို့မည် ဖြစ်ပါသည်။ ယင်းပစ္စည်းတန်ဖိုးများကို ချက်ခြင်း ပြန်လည်ပေးဆပ်ရန် မလိုအပ်ဘဲ၊ ဟိုတယ် ဖွင့်လှစ်ပြီး နောက်ရရှိသည့် ဝင်ငွေနှင့် လယ်ယာထွက်သီးနှံ၊ မိမိတို့နိုင်ငံမှ ထွက်ကုန်များကို ဝယ်ယူ၍ တင်ပို့ ခြင်းဖြင့်

ပြန်လည်ပေးဆပ်မည် ဖြစ်ကြောင်း။ ချေးငွေအတွက် အတိုးမဲ့ရယူမည်ဖြစ်ပြီး ဆိုင်းငံ့ကာလ (၃)နှစ် အပါ အဝင် (၈)နှစ်အတွင်း ပြန်လည်ပေးဆပ်မည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန် အတွက် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီး ဌာနပိုင် ဦးပိုင်အမှတ် ၁၆၄/၁၆၅/၁၆၆၊ အကွက်အမှတ် ၁၅၂၂-တောင်ဘီ၊ တောင်ဘီကျေးရွာအုပ်စု၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းရှိ မြေ (၉.၂၉)ဧက (၃၇၅၉၅.၃၃ စတုရန်းမီတာ)ကို ငှားရမ်း၍ ဟိုတယ် လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနနှင့် ပုဂံကမ်းသာယာ ကုမ္ပဏီ လီမိတက် တို့ ချုပ်ဆိုမည့် B.O.T စနစ်ဖြင့် မြေငှားရမ်းခြင်း သဘောတူစာချုပ်(မူကြမ်း)ပါ အဓိကအချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) မြေငှားရမ်းကာလမှာ ကနဦး (၂၅)နှစ် နှင့် နောက်ထပ် (၅)နှစ် တစ်ကြိမ် ငှားရမ်းခွင့်ရှိ ပါသည်။

(ခ) မြေငှားစာချုပ်ချုပ်ဆိုမည့် နေ့မှစ၍ အဆောက်အဦ တည်ဆောက်နေဆဲ (၃)နှစ် ကာလ အတွင်း ငှားရမ်းခ သတ်မှတ်ခြင်းမရှိဘဲ၊ လုပ်ငန်းတရားဝင် စတင်ဆောင်ရွက်သည့် နေ့ (Grand Opening) မှစ၍ ငှားရမ်းခနှုန်းကို သတ်မှတ်ရာတွင် ကြမ်းခင်းနှုန်း တစ်နှစ်လျှင် ကျပ် (၂.၄၀)သန်းနှင့် အမေရိကန်ဒေါ်လာ(၂၄၀၀)(သို့မဟုတ်) ဟိုတယ် စုစုပေါင်း ဝင်ငွေ၏ (၅) ရာခိုင်နှုန်းတို့အနက် ပိုများသောငွေဖြင့် ပေးချေရမည် ဖြစ်ပါသည်။ နိုင်ငံခြားဝင်ငွေများ၏ (၅) ရာခိုင်နှုန်းကို နိုင်ငံခြားငွေဖြင့် ပေးရန်နှင့် ကျပ်ဝင်ငွေ၏ (၅)ရာခိုင်နှုန်းကို ကျပ် ငွေဖြင့် ပေးရမည် ဖြစ်ပါသည်။

(ဂ) မြေငှားရမ်းခနှုန်းများကို (၅)နှစ်လျှင် တစ်ကြိမ် ပြန်လည်ညှိနှိုင်းရာတွင် ယခင်ငှားရမ်းခနှုန်း၏ (၁၅)ရာခိုင်နှုန်းထက်မပိုစေရန် ဖြစ်ပါသည်။

(ဃ) အငှားချထားသည့် မြေ (၉.၂၉)ဧကပေါ်တွင် အိပ်ခန်း(၄)ခန်းပါ Chalet Type အဆောက် အဦ(၂၅)လုံး (အခန်း ၁၀၀)အတွက် အဆောက်အဦများအပြင် နောက်ထပ် အဆောက် အဦများ တိုးချဲ့ ခြင်း၊ ပြင်ဆင်ဆောက်လုပ်ခြင်း ပြုလိုပါက ရှေးဟောင်းသုတေသန ဦးစီးဌာန ထံမှ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်ဖြစ်ပြီး၊ ထိုသို့အဆောက်အဦများ တိုးချဲ့ ဆောက်လုပ် ခြင်းပြုပါက လက်ရှိဌာနသို့ ပေးသွင်းသောနှစ်စဉ် ငှားရမ်းခငွေများကို သတ်မှတ်ထားသော နှုန်းထားအတိုင်း တိုးမြှင့် ပေးသွင်းရမည် ဖြစ်ပါသည်။

(င) မြေငှားကာလ ကုန်ဆုံးသည့်အခါတွင် B.O.T စနစ်ဖြင့် ဟိုတယ်၏ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများအားလုံးကို ရှေးဟောင်းသုတေသန ဦးစီးဌာနသို့ (၆)လအတွင်း အဖိုးစားနားမဲ့ ပြန်လည် လွှဲပြောင်းပေးရာတွင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလုံးကို ကုမ္ပဏီမှ သယ်ယူ သွားမည် ဖြစ်ပါသည်။

(စ) လုပ်ငန်းဆောင်ရွက်မှု ဘဏ္ဍာအမခံကြေးအဖြစ် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ၏ (၁) ရာခိုင်နှုန်း နှင့်ညီမျှသော ကျပ်(၁.၈၈)သန်းကို စာချုပ်လက်မှတ်ရေးထိုးသည့် နေ့မှ ရက်ပေါင်း (၃၀) အတွင်း ရှေးဟောင်းသုတေသန ဦးစီးဌာန အမည်ဖြင့် လုပ်ငန်းတည်ဆောက်မှုကာလပြီးဆုံး၍ လုပ်ငန်း စတင်ဖွင့်လှစ်ဆောင်ရွက်သည့် နေ့ထိ ထားရှိရမည် ဖြစ်ပါသည်။

၅။ ယင်းလုပ်ငန်း ဆောင်ရွက်ရာတွင် (၄)ခန်းပါ Chalet Type (၂၅)လုံး {စုစုပေါင်း အခန်း (၁၀၀) } တည်ဆောက်မည်ဖြစ်ပြီး၊ ဟိုတယ်၏ ဝင်ငွေကို ခန့်မှန်းတွက်ချက်ရာတွင် တည်းခိုသည့် နှုန်းကို ပုံမှန်နှစ်တွင် နိုင်ငံခြားငွေဖြင့် (၄၄)ရာခိုင်နှုန်းနှင့် ကျပ်ငွေဖြင့် (၂၉)ရာခိုင်နှုန်း အသီးသီးတွက်ချက်ထားပါသည်။ ပုံမှန်နှစ်ရှိ အခန်းငှားခနှုန်းများမှာ တစ်နေ့လျှင် အမေရိကန်ဒေါ်လာ (၈၀)နှုန်းဖြင့် လည်းကောင်း၊ ကျပ်ငွေဖြင့် တစ်နေ့လျှင် ကျပ် (၆၀၀၀)နှုန်းဖြင့် လည်းကောင်း တွက်ချက်ထားပါသည်။

၆။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၇၉.၃၉	၉.၆၃	၈၉.၀၂
(ခ)	အသုံးစရိတ်	၆၉.၂၉	၃.၈၄	၇၃.၁၃
(ဂ)	အသားတင်အမြတ်	၁၀.၁၀	၅.၇၉	၁၅.၈၉

၇။ ယင်းလုပ်ငန်း၏ အရင်းကြေကာလမှာ (၉)နှစ်နှင့် (၆)လဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၁၀.၄၇)ရာခိုင်နှုန်း ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က)	ဝင်ငွေခွန်	ကျပ်	၄.၃၃ သန်း
		အမေရိကန်ဒေါ်လာ	၀.၁၇ သန်း
(ခ)	ကုန်သွယ်လုပ်ငန်းခွန်.	ကျပ်	၇.၉၄ သန်း
		အမေရိကန်ဒေါ်လာ	၀.၁၆ သန်း
(ဂ)	မြေငှားရမ်းခရငွေ	ကျပ်	၃.၉၇ သန်း
		အမေရိကန်ဒေါ်လာ	၀.၀၈ သန်း

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၁၀၀)ဦး နှင့် နိုင်ငံခြားသား ဝန်ထမ်း (၃)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၁၀။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ အဆိုပြုမြေနေရာတွင် လုပ်ငန်းများ ဆောင်ရွက်နေခြင်း မရှိသေးကြောင်း သဘောထား ပြန်ကြား

လာပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနမှ ဟိုတယ်တည်ဆောက်ရေး အတွက် ခွင့်ပြုမိန့် ထုတ်ပေးပြီး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၁။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ ပြည်ပမှ ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိဘဲ ပြန်လည်ပေးဆပ်ရာတွင်လည်း လုပ်ငန်းမှ ရရှိသော ငွေနှင့် လယ်ယာထွက်သီးနှံ၊ မိမိတို့နိုင်ငံမှ ထွက်ကုန်များကို ဝယ်ယူ၍ တင်ပို့ခြင်းဖြင့် ပြန်လည်ပေးဆပ်မည် ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု နှင့် မီးဘေး အန္တရာယ်များ မဖြစ်ပွားစေရန် စီမံထားရှိမည် ဖြစ်ကြောင်း၊ မြေယာနှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်းချက်များကို လိုက်နာမည် ဖြစ်ကြောင်း၊ ပြည်ပမှ တင်သွင်းမည့် ပစ္စည်းများသည် အသစ်ဖြစ်ကြောင်း၊ Stage Show, Model Show များ ပြုလုပ်ခဲ့သော် အမျိုးသားယဉ်ကျေးမှုနှင့် ပတ်သက်၍ ထိန်းသိမ်းသွားနိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီးမှ ညွှန်ကြားချက်များကို သိရှိ လိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံ ကတိများ ပြုထားပါသည်။

၁၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၃။ ဆုံးဖြတ်ရန်အချက်။

(က) ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနပိုင်မြေကို ပုဂံကမ်းသာယာ ကုမ္ပဏီ လီမိတက် မှ ငှားရမ်း၍ (B.O.T) စနစ်ဖြင့် ဟိုတယ်ဆောက်လုပ်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၄။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီ ၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ဗိုလ်မှူးချုပ် ပြည်စုံ၊ အဖွဲ့ဝင်)
ဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

ကုန်သွယ်မှု မူဝါဒ ကောင်စီ ။

ကုမ္ပဏီ ဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာ စာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏ အမည်	ဒါရိုက်တာ/အစုရှင်များ၏ လိပ်စာ
၁။	ပုဂံကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)	၁။ ဒေါ်သန်းသန်းမြင့် (မန်နေဂျင်းဒါရိုက်တာ) ၂။ ဒေါ်ခင်သီနွယ် (ဒါရိုက်တာ) ၃။ ဒေါ်လွင်မာဦး (ဒါရိုက်တာ)	အမှတ် (၇၂)၊ အခန်း (၂၀၃)၊ ဦးဝိစာရ လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ အမှတ် (၇၂)၊ အခန်း (၂၀၃)၊ ဦးဝိစာရ လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ အမှတ် (၄၉)၊ အေ(၁)၊ အောင်လှရိပ်သာလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

R-၁၅၇ / ၁၀/၁   ၀၁၃၃ / ၁၈|၁

ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ညောင်ဦးခရိုင်၊ ညောင်ဦးမြို့
စာအမှတ်၊ ၅ / ၄၃ - ၈ / ဦး ၆
ရက်စွဲ ၊ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
၆၅၃/၆၉၁၊ ကုန်သည်လမ်း ၊ ရန်ကုန်မြို့

အကြောင်းအရာ။   သဘောထားမှတ်ချက်တင်ပြခြင်း

ရည်ညွှန်းချက်။   မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရန်ကုန်မြို့
(၂၄-၁၂-၂၀၀၁) ရက်စွဲပါစာအမှတ် [illegible]
၇၁၆/၂၀၀၁(၈၂၁၄)

၁။ ပုဂံတမ်းသာယာကုမ္ပဏီလီမိတက်သည် ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်း [illegible] ကျေးရွာအုပ်စု၊ ကွက်အမှတ်၊ ၁၆၄/၁၆၅/၁၆၆ ရှိ [illegible] ကျေး [illegible] ရှေး [illegible] မြေ (၂.၂၈) [illegible] သော မြေဧရိယာ (၁.၇၇) ဧကရှိ မြေကွက် (၄) ခန်း [illegible] (၂) ခန်း [illegible] အခန်း (၁၀၀) ပါဟိုတယ် ဆောက်လုပ်မည့်ကိစ္စ [illegible] ဆောင်ရွက်နေခြင်း ရှိ-မရှိ စိစစ်ပြန်ကြားပေးရန် ရည်ညွှန်းပါစာဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကညွှန်ကြား၍ မေတ္တာရပ်ခံထားပါသည်။

၂။ အဆိုပါဆောက်လုပ်မည့်မြေနေရာတွင် သက်ဆိုင်ရာကုမ္ပဏီလီမိတက်အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေခြင်း မရှိဘဲ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိရှိရပါ၍ ပြန်ကြားအပ်ပါသည်။

([illegible])
(ဗိုလ်မှူးကြင်သိန်း၊ [illegible])

မိတ္တူကို

ဥက္ကဋ္ဌ၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
မန္တလေးတိုင်း၊ မန္တလေးမြို့
ရုံးလက်ခံစာတွဲ
မျှောစာတွဲ ၊

၄/၈၁

၁၀/၂၀၀၂

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏အဓိကအချက်များ
(မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေ အရ)

၁	ကုမ္ပဏီအမည်	ပုဂံကမ်း သာယာကုမ္ပဏီလီမိတက် (Bagan Beach Resort Co., Ltd.) (၂၁-၇-၉၄ နေ့တွင်မြန်မာအက်ကွာတစ်ဖစ်း(စ်) လီမိတက်အမည်ဖြင့်မှတ်ပုံတင်ထား ခြင်း ကိုအမည်ပြောင်း တင်ထား ခြင်း ဖြစ်သည်။)
၂	လုပ်ငန်း အဆိုပြုသူအမည်	ဒေါက်တာသန်း သန်း မြင့်
၃	အဆိုပြုလုပ်ငန်း အမျိုး အစား	B O T စနစ်ဖြင့်ဟိုတယ် ဆောက်လုပ်၍ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခြင်း
၄	တည်နေရာ	ဦး ပိုင်အမှတ် ၁၆၄/၁၆၅/၁၆၆ အကွက်အမှတ်၊ ၁၅၂၂-ပုဂံ၊ တောင်ဘီ ကျေး ရွာ အုပ်စု၊ ပုဂံမြို့၊ ညောင်ဦးမြို့နယ်၊ မန္တလေး တိုင်း။
၅	စုစု ပေါင်း ရင်း နှီးမြှုပ်နှံမှု	ကျပ် ၁၉၂.၀၀ သန်း (US $ ၂.၀၀ သန်းအပါအဝင်)
	- ငွေပမာဏ	ကျပ် ၁၅၀.၀၀ သန်း
	- အဆောက်အဦ	ကျပ် ၃၃.၀၀ သန်း (US $ ၀.၅၀ သန်းအပါအဝင်)
	- စက်ပစ္စည်း နှင့်လျှပ်စစ်ပစ္စည်း	ကျပ် ၃.၃၉ သန်း (US $ ၀.၅၆ သန်း)
	- ပရိဘောဂ နှင့်လုပ်ငန်းသုံးပစ္စည်း	ကျပ် ၅.၆၁ သန်း (US $ ၀.၉၄ သန်း)
၆	မြေအကြောင်း အရာ	
	- မြေအကျယ်အဝန်း	၉.၂၉ ဧက (၃၇၅၉၅.၃၃ စတုရန်း မီတာ)
	- မြေပိုင်ဆိုင်မှု	ယဉ်ကျေး မှုဝန်ကြီး ဌာန၊ ရှေး ဟောင်းသုတေသန ဦး စီး ဌာနပိုင် မြေ
	- မြေငှါး ကာလ	ကနဦး (၂၅) နှစ်နှင့်(၅) နှစ် (၂) ကြိမ်ငှါးရမ်း ခွင့်
	- မြေငှါး ရင်း ခ	-ကြမ်း ခင်း နှုန်း ကစ်နှစ်လျှင်ကျပ် (၂.၄၀) သန်း နှင့်အမေရိကန်ဒေါ်လာ (၂၄၀၀) (သို့မဟုတ်) ဟိုတယ်စုစုပေါင်းဝင်ငွေ၏ (၅) ရာခိုင်နှုန်း တို့ အနက်ပိုများ သောငွေ၊

		- နိုင်ငံခြား ဝင်ငွေများ ၏ ၅ ရာခိုင်နှုန်း ကိုနိုင်ငံခြား ငွေဖြင့်ပေး ရန်နှင့်ကျပ် ငွေ၏ ၅ ရာခိုင်နှုန်း ကိုကျပ် ငွေဖြင့်ပေး ရန်။
		၃(ခ) အစိန္နရပြီး ၊ နိုင်ငံပိုင်မြေ
၇	- မြေအမျိုး အစား ဘက်အ ပ မခံ မြေ	ကျပ် (၁.၈၂) သန်း [ရုရုပေါင်း ရင်း နှီး မြှုပ်နှံမှုပမာဏ၏ (၁) ရာခိုင်နှုန်း နှင့်ညီမျှသော ကျပ်ငွေကိုစာချုပ်လက်မှတ် ရေးထိုးသည့်နေ့မှရက်ပေါင်း (၃၀) အတွင်း ရှေ့ဟောင်း သုတေသနဦးစီး ဌာနအမည်ဖြင့်လုပ်ငန်း တည်ဆောက်မှုကာလပြီး ဆုံး၍လုပ်ငန်း စတင်ဖွင့် လှစ်ဆောင်ရွက်သည့်နေ့ထိထား ရှိရမည်ဖြစ်ပါသည်။]
၇	ဝန်ဆောင်မှု	(၄) ခန်းပါ Chalet Type (၂၅) လုံး ရုရုပေါင်း အခန်း (၁၀၀)
၈	အခန်းငှါးရမ်းခနှုန်း (ပုံမှန်နှစ်)	တစ်ခန်းနှုန်း
	- ကျပ် ငွေဖြင့်	ကျပ် ၆၀၀၀
	- နိုင်ငံခြား ငွေဖြင့်	US$ ၈၀
၉	ငှါးရမ်း နိုင်မည့်နှုန်း (ပုံမှန်နှစ်)	
	- ကျပ် ငွေဖြင့်	၂၈%
	- နိုင်ငံခြား ငွေဖြင့်	၄၄%
၁၀	ဝင်ငွေ (ပုံမှန်နှစ်)	
	- ကျပ် ငွေဖြင့်	ကျပ် ၇၉.၃၉ သန်း
	- နိုင်ငံခြား ငွေဖြင့်	US$ ၁.၆၁ သန်း
၁၁	အသားတင်အမြတ် (ပုံမှန်နှစ်)	
	- ကျပ် ငွေဖြင့်	ကျပ် ၉.၈၉ သန်း
	- နိုင်ငံခြား ငွေဖြင့်	US$ ၀.၉၇ သန်း
၁၂	အရင်း ကြေကာလ	(၁၀) နှစ်
၁၃	အရင်းအနှီးအပေါ် အတိုးအမြတ်ပြန် ပေါ်နှုန်း (IRR)	(၁၀.၁၈) ရာခိုင်နှုန်း

၁၄	နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ်	
	- ဝင်ငွေခွန်	ကျပ် ၄.၂၄သန်း US $ ၀.၁၇သန်း
	- ကုန်သွယ်လုပ်ငန်းခွန် (ပြည်တွင်းဝင်ငွေအပေါ် ၁၀%) (နိုင်ငံခြားဝင်ငွေအပေါ် ၁၀%)	 ကျပ် ၇.၉၄သန်း US $ ၀.၁၆သန်း
	- မြေငှါးရမ်းခရငွေ	ကျပ် ၃.၉၇သန်း US $ ၀.၀၇သန်း
၁၅	တည်ဆောက်မှုကာလ	(၃) နှစ်
၁၆	ဝန်ထမ်းအင်အား	၁၀၃ ဦး
	- ပြည်တွင်း	၁၀၀ ဦး
	- ပြည်ပ	၃ ဦး
၁၇	အခြား	- ဟိုတယ်အတွက်လိုအပ်သော ပြည်ပမှတင်သွင်းမည့်ပစ္စည်းများကို မိတ်ဖက်ကုမ္ပဏီဖြစ်သော USA California ရှိ Pan Asean Capital Management - ကုမ္ပဏီမှဝယ်ယူပေးမည်ဖြစ်ကြောင်း၊ ယင်းပစ္စည်းတန်ဖိုးများကို ချက်ခြင်းပြန်လည်ပေးဆပ်ရန်မလိုအပ်ဘဲ၊ ဟိုတယ်ဖွင့်လှစ်ပြီး နောက်ရရှိသည့် ဝင်ငွေနှင့်လယ်ယာထွက်သီးနှံ၊ မိမိတို့နိုင်ငံမှထွက်ကုန်များကိုဝယ်ယူ၍ တင်ပို့ခြင်းဖြင့်ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း၊ ချေးငွေအတွက်အတိုးမဲ့ရယူမည်ဖြစ်ပြီး ဆိုင်းငံ့ကာလ (၃) နှစ်အပါအဝင် (၈) နှစ်အတွင်း ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။ - စက်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းနှင့် ဟိုတယ်လုပ်ငန်းသုံးစာရင်းများကို ပူးတွဲတင်ပြထားပါသည်။

- ပြည်ပမှတင်သွင်းမည့်လုပ်ငန်းသုံး ပစ္စည်းများတွင် Air Con - (၂၄၀) လုံး၊ TV Set (၁၂၀) လုံး Fridge (၁၀) လုံး၊ Mini-Fridge (၁၂၅) လုံး၊ Intercom (၁၅၀) လုံး၊ Computer (၄) လုံး ပါဝင်ပါသည်။

- Air Con များကိုပြည်ပမှမှာယူတင်သွင်းရခြင်းမှာ မိမိတို့လိုအပ်သောပစ္စည်းအမျိုးအစားကို ဈေးသက်သက်သာသာနှင့်အရည်အသွေး ကောင်းကောင်း ပြည်တွင်း၌မရရှိနိုင်သောကြောင့်ဖြစ်ပြီး ၊ Air Con- မှာအခန်း (၁) ခန်းလျှင် (၂) လုံး၊ Lobby တွင် (၁၈) လုံး ၊ Dining တွင် (၁၀) လုံး၊ Health Club တွင် (၅) လုံး ၊ Office တွင် (၅) လုံး ၊ အပို (၁၈) လုံး ဖြစ်၍စုစုပေါင်း (၂၄၀) လုံးနှင့် Water Heater မှာ (၁) ခန်းလျှင် (၁) လုံး တပ်ဆင်၍ Kitchen တွင် (၃) လုံး၊ Bar တွင် (၁) လုံး ၊ Health Club တွင် (၃) လုံး၊ အပို (၅) လုံး ဖြစ်၍စုစုပေါင်း (၁၁၂) လုံးတင်သွင်းမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

- ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် Bagan Bead Resort Co., Ltd. - တို့ချုပ်ဆိုမည့် BOT စနစ်ဖြင့်မြေငှါးရမ်းခြင်း စာချုပ် (မူကြမ်း) ပါအဓိကအချက်များမှာ -

  - မြေငှါးစာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ အဆောက်အအုံး တည်ဆောက်နေဆဲ (၃) နှစ် ကာလအတွင်း ငှါးရမ်းခသတ်မှတ်ခြင်း မရှိကြောင်း ၊ လုပ်ငန်းတရားဝင် စတင်ဆောင်ရွက်သည့်နေ့ (Grand Opening) မှစ၍ငှါးရမ်းခနှုန်းကို

သတ်မှတ်ရာတွင်ကြမ်းခင်း နှုန်း တစ်နှစ်လျှင်
ကျပ် (၂.၄၀) သန်း နှင့်အမေရိကန်ဒေါ်လာ
(၂၄၀၀) (သို့မဟုတ်) ဟိုတယ်ရုရု ပေါင်းဝင်
ငွေ၏ (၅) ရာခိုင်နှုန်း တို့အနက်ပိုများ
သောငွေဖြင့်ပေး ချေရမည်ဖြစ်ပါသည်။
နိုင်ငံခြား ဝင်ငွေများ၏ (၅) ရာခိုင်
နှုန်း ကိုနိုင်ငံခြားငွေဖြင့်ပေး ရန်နှင့်ကျပ်
ဝင်ငွေ၏ (၅) ရာခိုင်နှုန်း ကိုကျပ်ငွေဖြင့်
ပေး ရမည်ဖြစ်ပါသည်။

[မြေငှါးစာချုပ် (မူကြမ်း) အပိုဒ် ၂ - ၁]

- ငှါး ရမ်း ခနှုန်း များ ကို (၅) နှစ်လျှင်တစ်
ကြိမ်ပြန်လည်ညှိနှိုင်း ရာတွင်ယခင်ငှါးရမ်းခ
နှုန်း ၏ ၁၅ % ထက်မပိုစေရန်ဖြစ်ပါသည်။

[မြေငှါးစာချုပ် (မူကြမ်း) အပိုဒ် ၂ - ၁ (က)]

- အငှါး ချထား သည့်မြေ (၃.၂၈) ဧကပေါ်တွင်
အိပ်ခန်း (၄) ခန်း ပါအဆောက်အဦ (၂၅)
လုံး (အခန်း ၁၀၀) အတွက်အဆောက်အဦများ
အပြင်နောက်ထပ်အဆောက်အဦ များတိုးချဲ့
ခြင်း၊ ပြင်ဆင်ဆောက်လုပ်ခြင်း ပြုလိုပါကရှေး
ဟောင်း သုတေသနဦး စီး ဌာနထံမှကြိုတင်
ခွင့်ပြုချက်တောင်း ခံရမည်ဖြစ်ပြီး ထိုသို့
အဆောက်အဦများ တိုး ချဲ့ဆောက်လုပ်ခြင်း
ပြုပါကလက်ရှိဌာနသို့ ပေး သွင်း သောနှစ်စဉ်
ငှါး ရမ်း ခ ငွေများ ကိုသတ်မှတ်ထား သော
နှုန်း ထား အတိုင်း တိုး မြှင့်ပေး သွင်း ရ
မည်ဖြစ်ပါသည်။

[မြေငှါးစာချုပ် (မူကြမ်း) အပိုဒ် ၅-၁ (ဇ) (ဈ)]

- ငှားရမ်း ကာလကုန်ဆုံး သည့်အခါတွင် B O T စနစ်ဖြင့်ဟိုတယ်၏ မရွှေ့မပြောင်း နိုင်သည့် ပစ္စည်း များ အား လုံး ကို ရှေး ဟောင်းသုတေသနဦး စီး ဌာနသို့ (၆) လအတွင်း အဖိုးစား နား မဲ့ပြန်လည်လွှဲပြောင်း ပေး ရာတွင် ရွှေ့ပြောင်း နိုင် သော ပစ္စည်း များအားလုံး ကို ကုမ္ပဏီမှသယ်ယူသွား မည်ဖြစ်ပါသည်။

[မြေငှားစာချုပ် (မူကြမ်း) အပိုဒ် ၃-၃]

- ယင်း လုပ်ငန်း သည်မြန်မာနိုင်ငံသား များ သာ လျှင်ပိုင်ဆိုင်ပြီး နိုင်ငံခြား မှ မည်သူမျှပိုင်ဆိုင်မှုမရှိ ကြောင်း ၊ ပြည်ပ မှဟိုတယ်လုပ်ငန်း သုံး ပစ္စည်းများ ဝယ်ယူခြင်း သည်နိုင်ငံတော် နှင့်သက်ဆိုင်ခြင်း မရှိဘဲ ပြန်လည် ပေး ဆပ်ရာတွင်လည်း လုပ်ငန်း မှ ရရှိသော ငွေနှင့်လယ်ယာထွက်သီး နှံ၊ မိမိတို့နိုင်ငံမှထုတ်ကုန် များ ကိုဝယ်ယူ၍တင်ပို့ခြင်း ဖြင့်ပြန်လည် ပေး ဆပ် မည်ဖြစ် ကြောင်း ၊ ပတ်ဝန်း ကျင်ညစ်ညမ်း မှုနှင့် မီး ဘေး အန္တရာယ် မဖြစ်ပွား စေရန်စီမံထား ရှိ မည်ဖြစ် ကြောင်း ၊ မြေယာ နှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်း မည့်စည်း ကမ်း သတ်မှတ်ချက် များ ကိုလိုက်နာ မည်ဖြစ် ကြောင်း ၊ ပြည်ပ မှတင်သွင်း မည့်ပစ္စည်း များ သည်အသစ်ဖြစ် ကြောင်း ၊ လုပ်ငန်း အသစ်ဖြစ်ကြောင်း ဟိုတယ်တွင် Stage Show, Model Show များပြု လုပ်ခဲ့သော်အမျိုး သား ယဉ်ကျေး မှုနှင့်ပတ်သက်၍ ထိန်း သိမ်း သွား နိုင်ရန်သက်ဆိုင်ရာအဖွဲ့အစည်း အသီး သီး မှညွှန်ကြား ချက် များ ကိုသိရှိလိုက်နာစောင့် ရှောက်မည်ဖြစ် ကြောင်း ဝန်ခံကတိပြုထား ပါသည်။

- ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှအဆိုပြုမြေနေရာရှာင်လုပ်ငန်းများ ဆောင်ရွက်နေခြင်း မရှိသေးကြောင်းသဘောထား ပြန်ကြားလာပါသည်။ (ပူးတွဲ)
- ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဟိုတယ်တည်ဆောက်ရေးအတွက်ခွင့်ပြုမိန့်ကို (၂၂-၅-၂၀၀၁) နေ့တွင် ထုတ်ပေးထားကြောင်း တွေ့ရှိရပါသည်။
- ငွေကြေးဆိုင်ရာအထောက်အထားအဖြစ် Bagan Beach Resort Co.,Ltd.အမည်ဖြင့်ရိုးမဘဏ်လီမိတက်၌ (၂၀-၆-၂၀၀၁) နေ့ငွေလက်ကျန်ကျပ် (၅၀.၀၀)သိန်း ကိုတင်ပြထားပါသည်။
- ပူးတွဲပါဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါအခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။
- ခွင့်ပြုမိန့်ထုတ်ပေးပြီး ဟိုတယ်လုပ်ငန်း ပေါင်း(၁၄)ခု ရှိပြီး တင်ပြထားသော ဟိုတယ်လုပ်ငန်း (၂) ခုရှိပါသည်။

ပူးတွဲ

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ရရှိရေးအတွက် လျှောက်ထားချက်အပေါ် အောက်ပါအတိုင်း သုံးသပ်တင်ပြပါသည်။

- ဥပဒေပုဒ်မ (၁၃) (က) အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သော နိုင်ငံခြားငွေပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက် ကော်မရှင်သို့ လျှောက်ထားလာသည့်အခါစဉ်းစားခွင့်ပေးသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဂ) အရ ဝန်ဆောင်မှုလုပ်ငန်း ကြောင့်ပြည်တွင်း ပြည်ပဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့်ကိုလုပ်ငန်း အကောင်အထည်ဖော်မှုအရ လျှောက်ထားလာသည့်အခါ စဉ်းစားခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဃ) အရ ဝန်ဆောင်မှုလုပ်ငန်း အဖြစ်အကျိုးအမြတ်နည်းသည့်လုပ်ငန်း ပေါ်သင့်လျှော်သောကာလအထိ ဝင်ငွေခွန် သက်သာခွင့်တောင်းခံခြင်းကိုအကျိုးဝင်ခြင်း မရှိဟုသုံးသပ်ရပါသည်။
- ဥပဒေပုဒ်မ ၁၃ (င) အရ လုပ်ငန်းမှရရှိသည့်အမြတ်ငွေကိုတစ်နှစ် အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံပါက ထိုအမြတ်ငွေအပေါ် တွင်ဝင်ငွေ ခွန်ကင်းလွတ်ခွင့်သို့မဟုတ်သက်သာခွင့်ကိုအမှန်တကယ်ပြန်လည်ရင်းနှီး မြှုပ်နှံမှုပြုသည့်အခါ လျှောက်ထားလာပါက ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဆ) အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ် တန်ဖိုးလျော့ငွေကိုသတ်မှတ်သည့်နှုန်းအတိုင်း နှစ်တိုတိုနှင့် မူလတန်ဖိုး ပြည့်မီသည်အထိအမြတ်ငွေမှ နုတ်ပယ်ခွင့်နှင့်ပတ်သက်၍ လျှောက်ထားလာ သည့်အခါ ကော်မရှင်မှသတ်မှတ်သည့်နှုန်းအတိုင်း ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဇ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှုကာလ အတွင်း တင်သွင်းလာသည့်စက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးပစ္စည်းများ အပေါ် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များကင်း လွတ်ခွင့်ပြုသင့်ပါသည်။

* အေး * ၁၉-၈-၂၀၀၀

၃။ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသန ဦးစီးဌာနပိုင်မြေပေါ်တွင် ပုဂံကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကိစ္စ။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သိင်္ဂီတင် မှ အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့တွင် BOT စနစ်ဖြင့် ဟိုတယ်ဆောက်လုပ်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန်တင်ပြခြင်းဖြစ်ကြောင်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်း သုတေသန ဦးစီးဌာနပိုင်မြေကို ငှါးရမ်း၍ ဟိုတယ်တည်ဆောက် လုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာ ပိုင်ဆိုင်ပြီး နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်ခြင်း မရှိကြောင်း၊ ပြည်ပမှ ဟိုတယ်လုပ်ငန်းသုံးပစ္စည်း ဝယ်ယူခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိဘဲ ပြန်လည်ပေးဆပ်ရာတွင် လုပ်ငန်းမှ ရရှိသောငွေဖြင့် လယ်ယာသီးနှံ ထွက်ကုန်များကို ဝယ်ယူတင်ပို့ခြင်းဖြင့် ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ အဆိုပြုမြေနေရာတွင် လုပ်ငန်းဆောင်ရွက်ခြင်း မရှိသေးကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဟိုတယ်တည်ဆောက်ရေးအတွက် ခွင့်ပြုမိန့်ကို (၂၂-၅-၂၀၀၁)နေ့တွင် ထုတ်ပေးထားကြောင်းနှင့် အဆိုပြုလုပ်ငန်း၏ အဓိကအချက်များကို ရှင်းလင်းတင်ပြပါသည်။

ကော်မရှင်ဥက္ကဋ္ဌ ဝန်ကြီးဦးသောင်းမှ ခွင့်ပြုထားသည့်ကာလနှင့် ရင်းနှီးမြှုပ်နှံမှုအချိုး ကိုက်ညီရန်နှင့် ငှါးရမ်းခနှုန်းမှာ ပုဂံမြို့ရှိ အလားတူ ဟိုတယ်လုပ်ငန်း နှုန်းအတိုင်းဖြစ်ရန်လိုကြောင်း၊ BOT စနစ်ဖြင့် ငှါးရမ်းခြင်း များကို (၂၅)နှစ်နှင့် နောက်(၅)နှစ် တစ်ကြိမ်သာ ခွင့်ပြုကြောင်း ပြောကြားပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီဂီတင်မှ ခွင့်ပြုနှစ်ကာလနှင့် ရင်းနှီးမြှုပ်နှံမှု အချိုး ကိုက်ညီပါကြောင်း၊ ငှါးရမ်းခနှုန်းမှာ ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ပုဂံမြို့ရှိ ဟိုတယ်လုပ်ငန်းများ၏ မြေငှါးရမ်းခနှုန်းများနှင့် ကိုက်ညီပါကြောင်း ပြောကြားပါသည်။

ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်တင်ထွတ်မှ ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများအတွက် ဈေးငွေမှာ US$ ၂သန်း ဖြစ်ကြောင်း၊ ယင်းဈေးငွေကို လယ်ယာထွက်ကုန် သီးနှံများ ပြန်လည်တင်ပို့ ရောင်းချခြင်းဖြင့် ပေးဆပ်ရန် ဖော်ပြထားကြောင်း၊ Air Conditioner များ Mattress များကဲ့သို့သော ပစ္စည်းကို ပြည်တွင်း၌ ဝယ်ယူသင့်ကြောင်း၊ နိုင်ငံခြားငွေကို မလိုဘဲ မသုံးသင့်ကြောင်း၊ ပြည်ပမှ တင်သွင်းပြီး ရောင်းချခြင်း ပြုကြသည့်အတွက် ကန့်သတ်ခြင်း ဖြစ်ကြောင်း၊ ယခုလုပ်ကိုင်ခွင့် တင်ပြထားသောနေရာမှာ ပုဂံမြို့ရှိ ယဉ်ကျေးမှုဇုန်နယ်မြေနှင့် လွတ်ကင်းမှုရှိမရှိ စိစစ်သင့်ကြောင်း ပြောကြားပါသည်။

အထူးအရာရှိ ဗိုလ်မှူးကြီး လင်းသော်မှ အဆိုပြုလုပ်ငန်းကို ကော်မရှင်သို့ တင်ပြခဲ့ပါကြောင်း၊ Air Conditioner များ Mattress များ၊ များပြားနေတာ တွေ့ရှိရ၍ ပြန်လည်ညှိနှိုင်းရန် ဆုံးဖြတ်သဖြင့် ပြင်ဆင်ပြီး ရှင်းလင်းချက်နှင့် ပြန်လည်တင်ပြခြင်းဖြစ်ကြောင်း၊ ရှင်းလင်းပြောကြားပါသည်။

ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်မှလည်း ယခု ဟိုတယ်တည်ဆောက်မည့် မြေနေရာမှာ ပုဂံမြို့ရှိ သတ်မှတ်ထားသည့် ယဉ်ကျေးမှုဇုန်နယ်မြေနှင့် ကင်းလွတ်ပါကြောင်း၊ ဘုရား အနီးရှိ သောင်ထွန်းနေသော မြေပေါ်တွင် ဟိုတယ်တည်ဆောက်မည်ဖြစ်ကြောင်း၊ ရှင်းလင်းတင်ပြပါသည်။

ကော်မရှင် အစည်းအဝေးမှ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူကြောင်း ငှါးရမ်းကာလကို (၂၅)နှစ်နှင့် နောင် (၅)နှစ် တစ်ကြိမ်သာ ခွင့်ပြုရန် ငှါးရမ်းခနှုန်းထားကို ၁၅% ထက်မပိုစေဘဲ (၅)နှစ် တစ်ကြိမ် ပြန်လည်သုံးသပ်ရန် Air Conditioner များ Mattress ကဲ့သို့သော ပြည်တွင်း၌ ဝယ်ယူရရှိနိုင်သော ဟိုတယ်လုပ်ငန်းသုံး ပစ္စည်းများကို ပြည်တွင်း၌ပင် ဝယ်ယူရန်အဆိုပြုချက်ကို ပြင်ဆင်ပြီးတင်ပြလာပါက ကုန်သွယ်မှု မူဝါဒကောင်စီသို့ တင်ပြလမ်းညွှန်မှု ခံယူရန် ဆုံးဖြတ်ပါသည်။

၃။	<u>ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနပိုင်မြေပေါ်တွင် ပုဂံကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) မှ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။</u> <u>ဆုံးဖြတ်ချက်</u> - အဆိုပြု လုပ်ငန်းအား မူအားဖြင့် သဘောတူကြောင်း၊ - ငှားရမ်းကာလကို ကနဦး(၂၅)နှစ်နှင့် နောက်ထပ်(၅)နှစ် တစ်ကြိမ်သာခွင့်ပြုရန်၊ - ငှားရမ်းခနှုန်းထားကို (၅)နှစ် တစ်ကြိမ် ၁၅ % ထက်မပိုစေဘဲ ပြန်လည်ညှိနှိုင်းရန်၊ - ပြည်ပချေးငွေဖြင့် ဝယ်ယူတင်သွင်းမည့် Air Conditioner, Mattress ကဲ့သို့သော ဟိုတယ်လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းမှာပင် ဝယ်ယူရန်၊ - အဆိုပြုချက်ကို ပြင်ဆင်တင်ပြလာပါက ကုန်သွယ်မှု မူဝါဒ ကောင်စီ သို့ တင်ပြလမ်းညွှန်မှုခံယူရန်၊	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ယဉ်ကျေးမှု ဝန်ကြီးဌာန

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ဂက-၁/မ-၇၃၉/၂၀၀၂ (ဓ၁၄-ဃ)။
ရက်စွဲ၊ ၂၀၀၂ ခုနှစ်၊ မေလ ၁၇ ရက်။

အကြောင်းအရာ။ ။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနပိုင် မြေကိုပုဂံကမ်းသာယာကုမ္ပဏီလီမိတက်မှငှါးရမ်း၍ (B. O. T) စနစ်ဖြင့်ဟိုတယ်ဆောက်လုပ်၍ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။ ယဉ်ကျေးမှုဝန်ကြီးဌာန၏ (၂-၄-၂၀၀၂) ရက်စွဲပါစာအမှတ်၊ ၁/၄-၁/၂၀၀၁ (ဂ၀၁/၂၀၀၁)။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရည်ညွှန်းပါစာဖြင့်တင်ပြခြင်းကို (၃၀-၄-၂၀၀၂) နေ့ကျင်းပသော ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၈/၂၀၀၂) အစည်းအဝေးသို့တင်ပြခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးမှ "ရှေးဟောင်းသုတေသနဦးစီးဌာနပိုင်မြေကိုပုဂံကမ်းသာယာကုမ္ပဏီလီမိတက် (Bagan Beach Resort Co.,Ltd.) မှ ငှါးရမ်း၍ B.OT စနစ်ဖြင့်ဟိုတယ်ဆောက်လုပ်၍ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စကိုမူအားဖြင့်သဘောတူ၍ အစိုးရအဖွဲ့သို့တင်ပြရန်" ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အစိုးရအဖွဲ့သို့တင်ပြရန်သက်ဆိုင်ရာဝန်ကြီးဌာန၏ အမှာစာနှင့်အတူလိုအပ်သောအဆိုပြုလွှာ (နောက်ဆက်တွဲ) များကို ကော်မရှင်သို့ပေးပို့ပါရန်အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)

(ဗိုလ်မှူးကြီးလင်းသော်၊ အထူးအရာရှိ)

ဝန်ကြီးရုံး

ယဉ်ကျေးမှုဝန်ကြီးဌာန။

မိတ္တူ -

- ညွှန်ကြားရေးမှူးချုပ်
  ရှေးဟောင်းသုတေသနဦးစီးဌာန။

- အုပ်ချုပ်မှုဒါရိုက်တာ
  ပုဂံကမ်း သာယာကုမ္ပဏီလီမိတက်။
- ရုံးလက်ခံ။
- မျှောစာတွဲ။

BAGAN BEACH RESORT CO. LTD.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ် - ၀၀၀၅/BBR/၂၀၀၃
ရက်စွဲ။ ။၂၀၀၃ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်။

အကြောင်းအရာ။ ။ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန ပုဂံမြို့နှင့် **Bagan Beach Resort Co,Ltd.** တို့၏ မြေငှားရမ်းခြင်းသဘောတူစာချုပ်ပေးပို့ခြင်း။

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၂ ခုနှစ်၊ဇွန်လ(၁၅)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၀၂ (မနသ)။

အထက်ပါကိစ္စနှင့်ပါတ်သက်၍ ရည်ညွှန်းချက်ပါစာ၏ အပိုဒ် ၉ အရ ယဉ်ကျေးမှုဝန်ကြီးဌာန၊ရှေးဟောင်းသုတေသန ဦးစီးဌာနပုဂံမြို့နှင့် Bagan Beach Resort Co,Ltd. တို့အကြားချုပ်ဆိုသောတည်ဆောက်ခြင်း၊လုပ်ဆောင်ခြင်း၊လွှဲပြောင်းစံနစ်ဖြင့် မြေငှားရမ်းခြင်းသဘောတူ စာချုပ်မိတ္တူ (၅)စောင်ကို ပေးပို့အပ်ပါသည်။

လေးစားစွာဖြင့်

DR. THAN THAN MYINT
MANAGING DIRECTOR
BAGAN BEACH RESORT CO. LTD.

72, U Wisara Road, Room 203, Kamayut Township, Yangon, MYANMAR (Burma)
Tel : (951) 512 479, 709 402 Fax : (951) 527 379 E-mail : grh@mptmail.net.mm

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ပုဂံမြို့

နှင့်

Bagan Beach Resort Co. Ltd. ၊ ရန်ကုန်မြို့

တို့အကြားချုပ်ဆိုသော

တည်ဆောက်ခြင်း၊ လုပ်ဆောင်ခြင်း၊ လွှဲပြောင်းခြင်းစနစ်ဖြင့်

မြေငှားရမ်းခြင်းသဘောတူစာချုပ်

မြေငှားသဘောတူစာချုပ်

ဤမြေငှားသဘောတူစာချုပ်ကို သက္ကရာဇ် ၂၀၀၂ခုနှစ်၊ ဒီဇင်ဘာလ၊ (၃၁)ရက်နေ့တွင် ရန်ကုန်မြို့၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်ကိုယ်စားပြုသော ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ပုဂံမြို့၊ ညောင်ဦးခရိုင် (နောင်တွင် "အငှားချထားသူ" ဟုခေါ်တွင်စေရမည်။ ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများနှင့် ဥပဒေအရခွင့်ပြုထားသည့် လွှဲအပ်ခြင်း ခံရသူများ ပါဝင်သည်။) က တစ်ဘက်နှင့်

အုပ်ချုပ်မှုဒါရိုက်တာဒေါ်သန်းသန်းမြင့် ကိုယ်စားပြုသော Bagan Beach Resort Co. Ltd. အမှတ်(၅၂) ဦးဝိစာရလမ်း၊ အခန်းအမှတ် (၂၀၃)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်တည်ရှိသော မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီ (နောင်တွင် "အငှားချထားခြင်းခံရသူ" ဟုခေါ်တွင် စေရမည်။ ယင်းစကားရပ်တွင် ၎င်း၏ဆက်ခံသူများနှင့် ဥပဒေအရခွင့်ပြုထားသည့် လွှဲအပ်ခြင်းခံရသူများပါဝင်သည်။) ကအခြားတစ်ဘက်တို့သည် အောက်ပါအတိုင်း မြေငှားသဘောတူစာချုပ်ကို ချုပ်ဆိုကြသည်။

၁။ ရည်ရွယ်ချက်၊

ဤမြေငှားစာချုပ်တွင် "အငှားချထားခြင်းခံရသူ" သည် ပြည်ထောင်စုမြန်မာနိုင်ငံ ပုဂံမြို့တွင် နိုင်ငံတကာအဆင့်မီဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း လေဟာပြင်ကဇာတ်ရုံအပါအဝင် လုပ်ကိုင်ဆောင်ရွက်ရန်ဆန္ဒဖြင့် ပုဂံမြို့၊ ဗူးဘုရားအနီးရှိ ဧရာဝတီမြစ်ကမ်းနားတွင် တည်ရှိသည့် အငှားချထားသူပိုင် (၉.၂၉)ဧကကျယ်ဝန်းသော ပူးတွဲပါမြေပုံမြေနေရာနောက်ဆက်တွဲ(က)ကို BOT စနစ်ဖြင့်ငှားရမ်းရန် အောက်ပါအတိုင်း သဘောတူညီကြပါသည်။

၂။ ငှားရမ်းခ၊

၂-၁။ ဤမြေငှားစာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ အဆောက်အဦးတည်ဆောက်နေဆဲ (၃)နှစ်ကာလအတွင်း ငှားရမ်းခသတ်မှတ်ခြင်းမရှိပါ။ ဟိုတယ်အဆောက်အဦးဆောက်လုပ်ပြီးနောက် လုပ်ငန်းတရားဝင်စတင်ဆောင်ရွက်သည့်နေ့(Grand opening)မှစ၍ အောက်ဖော်ပြပါနှုန်းဖြင့် ငှားရမ်းခကိုသတ်မှတ်ပေးချေရမည်။

(က) ကြမ်းခင်းနှုန်းတစ်နှစ်လျှင် ကျပ်ငွေ(၂၄)သိန်းနှင့် အမေရိကန်ဒေါ်လာ(၂၄၀၀) (သို့မဟုတ်) ဟိုတယ်စုစုပေါင်းဝင်ငွေ၏ ၅% (5 % of total gross income) တို့အနက် ပိုများသောငွေ။ ဤကြမ်းခင်းနှုန်းကို (၅)နှစ်လျှင်တစ်ကြိမ် ပြန်လည်ဆွေးနွေးညှိနှိုင်းရန်ဖြစ်သည်။ အကယ်၍ တိုးရန်ရှိလျှင်လည်း ယခင်ကြမ်းခင်းနှုန်း၏ ၁၅% ထက်မပိုရန် ဖြစ်သည်။

(ခ) နိုင်ငံခြားဝင်ငွေများ၏ ၅% ကို နိုင်ငံခြားဝင်ငွေပေးရန်နှင့် ကျပ်ဝင်ငွေ၏ ၅% ကိုကျပ်ငွေဖြင့်ပေးရန်ဖြစ်သည်။

၂-၂။ နှစ်စဉ်ငှားရမ်းခကိုပေးချေရာတွင် အထက်ဖော်ပြပါနှုန်းဖြင့် တစ်နှစ်လျှင်တစ်ကြိမ်ဘဏ္ဍာရေးနှစ်ကုန်ပြီးနောက် ရက်(၃၀)မြောက်သောနေ့ (ဧပြီလ ၃၀ရက်)နေ့တွင် ပေးချေရမည်။

၃။ ငှားရမ်းခြင်းသက်တမ်း၊

၃-၁။ ဤမြေငှားသဘောတူစာချုပ်အရ ငှားရမ်းခြင်း၏သက်တမ်းမှာ ဟိုတယ်လုပ်ငန်းတရားဝင်စတင်ဆောင်ရွက်သည့်နေ့ (Grand Opening)မှစ၍ ကနဦးအနေဖြင့် (၂၅)နှစ်ဖြစ်ပြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူခွင့်ပြုချက်နှင့်အညီ ဆက်လက်ငှားရမ်းမည်ဖြစ်သည်။

၃-၂။ သက်တမ်း(၂၅)နှစ်ကုန်ဆုံးပြီးပါက နှစ်ဦးနှစ်ဖက်ညှိနှိုင်းသဘောတူညီမှုအရ တစ်ကြိမ်လျှင်(၅)နှစ်ဖြင့် (၁)ကြိမ်ဆက်လက်တိုးမြှင့်ငှားရမ်းရန်ဖြစ်သည်။ ထိုသို့တိုးမြှင့်ငှားရမ်းခြင်းနှင့်ပါတ်သက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက်ရရှိပြီးမှသာလျှင် အတည်ဖြစ်စေရမည်။

၃-၃။ ငှားရမ်းသည့်ကာလကုန်ဆုံးသောအခါတွင် (B.O.T)စနစ်ဖြင့် ဤဟိုတယ်၏ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများအားလုံးကို အငှားချထားသူထံသို့ (၆)လအတွင်း အဖိုးစားနားမဲ့ ပြန်လည်လွှဲပြောင်းပေးရန် သဘောတူပါသည်။ ဤသို့လွှဲပြောင်းရာတွင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလုံးကို အငှားချထားခြင်းခံရသူက သယ်ယူသွားမည်ဖြစ်ကြောင်း သဘောတူညီကြပါသည်။

၄။ သဘောတူစာချုပ်စတင်အကျိုးသက်ရောက်သောနေ့၊

၄-၁။ ဤသဘောတူစာချုပ်သည် အငှားချထားသူနှင့်အငှားချထားခြင်းခံရသူတို့ နှစ်ဦးနှစ်ဖက်မြေငှားသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့်နေ့မှ စတင်၍အကျိုးသက်ရောက်မှုရှိစေရမည်။

၅။ အငှားချထားခြင်းခံရသူများ၏တာဝန်များ၊

၅-၁။ အငှားချထားခြင်းခံရသူသည် အငှားချထားသူနှင့်ရှင်းလင်းစွာပြုလုပ်ထားသော ဆောင်ရွက်ပေးရန်တာဝန်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ငှားရမ်းသည့်ကာလများအတွက် ငှားရမ်းခများကို သတ်မှတ်သဘောတူထားသောနေ့ရက်တွင် ပေးရမည့်အပြင် သက်ဆိုင်ရာအာဏာပိုင်များသို့ ပေးဆောင်ရမည့်ဝန်ဆောင်မှုနှင့်စပ်လျဉ်းသော အခကြေးငွေများကိုလည်း အချိန်မှန်မှန်ပေးဆောင်ရမည်။

(ခ) အငှားချထားသောမြေနေရာကို ထပ်ဆင့်ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ခွဲစိတ်ရောင်းချခြင်း စသည်တို့ကို အငှားချထားသူ၏ စာဖြင့် သဘောတူညီချက်မပါရှိဘဲ လုံးဝဆောင်ရွက်ခြင်းမပြုလုပ်ရ။

(ဂ) ငှားရမ်းသည့်ကာလများတွင် အငှားချထားသောမြေနေရာကိုကောင်းမွန်စွာ ထိန်းသိမ်းရမည်ဖြစ်ပြီး၊ ငှားရမ်းသည့်ကာလ ကုန်ဆုံးသောအခါတွင် ၎င်းမြေနေရာကို အငှားချထားသူထံသို့ ကောင်းမွန်သောအနေအထားအတိုင်း ပြန်လည်လွှဲပြောင်းပေးရမည်။

(ဃ) အငှားချထားသောမြေနေရာတွင် လုပ်ငန်းများဆောင်ရွက် အကောင်အထည်ပေါ်ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဝင်တည်ဆဲဥပဒေများနှင့်အညီ ကိုက်ညီမှုရှိအောင်ဆောင်ရွက်ရမည်။

(င) စည်ပင်သာယာအခွန်အပါအဝင်ဖြစ်သော အခြားအလားတူလုပ်ငန်းသဘောအရ ပေးဆောင်ရန်ရှိသောအခွန်အကောက်များကို ပေးဆောင်ရမည်။

(စ) အငှားချထားသောမြေပေါ်ရှိ အဆောက်အအုံများနှင့် လုပ်ငန်းအတွက် လိုအပ်သောအာမခံများကို မြန်မာနိုင်ငံသားများရင်းနှီး မြှုပ်နှံမှုဥပဒေနှင့် မြန်မာ့အာမခံဥပဒေများနှင့်အညီထားရှိရမည်။

(ဆ) အငှားချထားခြင်းခံရသူသည် မိမိလုပ်ငန်းမှစွန့်ပစ်ပစ္စည်းကြောင့်ပတ်ဝန်းကျင်ရှိမြေနေရာ၊ ရေနှင့်လေထုညစ်ညမ်းမှုများမှ ကာကွယ်ရေးအတွက်တာဝန်ယူသည်။

(ဓ) မြေဧရိယာ(၁၂၉)ဧကပေါ်တွင် အငှားချထားခံရသူမှဆောက်လုပ်မည့် အိပ်ခန်း(၄)ခန်း အဆောက်အဦး(၂၅)ခု (အခန်း ၁၀၀)အတွက် အဆောက်အဦးများအပြင် နောက်ထပ်အဆောက်အဦးများ တိုးချဲ့ခြင်း၊ပြင်ဆင်ဆောက်လုပ်ခြင်းပြုလိုပါက အငှားချထားသူထံမှ ကြိုတင်ခွင့်ပြုချက် တောင်းခံရမည်။

(ချ) ထိုသို့ Chalet Type တည်းခိုခန်းများအား ထပ်မံ၍အဆောက်အဦးသစ်များ တိုးချဲ့ဆောက်လုပ်ခြင်းပြုပါက လက်ရှိဥ သို့ပေးသွင်းသော နှစ်စဉ်ငှားရမ်းခငွေကို အငှားချထားခံရသူက အပိုဒ် ၂ - ၁ ပါ နှုန်းထားအတိုင်း တိုးမြှင့်ပေးသွင်းရ သဘောတူပါသည်။

၆။ အငှားချထားသူ၏တာဝန်များ၊

၆-၁။ အငှားချထားသူသည် အောက်ပါအတိုင်းဆောင်ရွက်ပေးရန် ဖြစ်သည်။

(က) အငှားချထားခြင်းခံရသူအနေဖြင့် ဤစာချုပ်သက်တမ်းကာလအတွင်း အငှားချထားသော မြေနှင့်အကျုံးဝင်သည် အရာများကို ငြိမ်းချမ်းစွာ၊ အေးဆေးစွာနှင့်အနှောက်အယှက်ကင်းစွာတို့ဖြင့် အသုံးပြုဆောင်ရွက်ပိုင်ခွင့်ရှိစေရမည် ဖြစ်ပြီး၊ ငှားရမ်းကာလအတွင်း အငှားချထားသူ၏သဘောဆန္ဒအရ သို့မဟုတ် တစ်ဦးဦး၏ ဝင်ရောက်တောင်းဆိုမှုအ သို့မဟုတ် အငှားချထားသူ၏ ယုံကြည်အပ်နှံသူတို့မှ ပါဝင်ပါတ်သက်မှုများဖြင့် ဝင်ရောက်နှောက်ယှက်ခြင်းမရှိစေရ။

(ခ) အငှားချထားသောမြေပေါ်တွင်ဆောင်ရွက်မည့် လုပ်ငန်းများအကောင်အထည်ပေါ်နိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများထံမှလိုအပ်သော ခွင့်ပြုချက်များရရှိစေရန်တတ်နိုင်သမျှဆောင်ရွက်ကူညီပေးရမည်။

(ဂ) အငှားချထားသူသည် အငှားချထားသောမြေနှင့်ပါတ်သက်သည့် ပေးဆောင်ရန်ရှိသောမြေခွန်ကို ပေးဆောင်ရမည်။

(ဃ) ငှားရမ်းခြင်းသက်တမ်းကာလကုန်ဆုံးပြီးသောအခါ နောက်ထပ်ဆက်လက်ငှားရမ်းမည်ဆိုလျှင် Bagan Beach Resort Co. Ltd. သို့ ဦးစားပေးမည်ဖြစ်ကြောင်း သဘောတူပါသည်။

၇။ မလွန်ဆန်နိုင်သည့်ဖြစ်ရပ်များ၊

၇-၁။ မလွန်ဆန်နိုင်သော သဘာဝဘေးအန္တရယ်များဖြစ်သည့် ရေကြီးခြင်း၊ မီးလောင်ခြင်း၊ လေမုန်တိုင်းကျရောက်ခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ မြေငလျင်တုန်လှုပ်ခြင်းနှင့်အလားတူ ထိန်းချုပ်၍မရနိုင်သည့်ဖြစ်ရပ်များကြောင့် တစ်ဖက်ဖက်မှ စာချုပ်ပါတာဝန်များကိုထမ်းဆောင်ရန်ပျက်ကွက်ပါက အဆိုပါမလွှဲမရှောင်နိုင်သည့်ဖြစ်ရပ်များ ပေါ်ပေါက်ကြောင်းကို ဖြစ်ပေါ်သည့်အချိန်မှ (၃၀)ရက်အတွင်း အခြားတစ်ဖက်သို့စာဖြင့်အကြောင်းကြားရမည်။ အခြားတစ်ဖက်ကလည်းမလွန်ဆန်နိုင်သည့်ဖြစ်ရပ်များ ပေါ်ပေါက်ကြောင်းလက်ခံပါက စာချုပ်ချုပ်ဆိုသူနှစ်ဦးနှစ်ဘက်စလုံးတွင် မည်သည့်တာဝန်မျှမရှိစေရ။ မလွန်ဆန်နိုင်သည့် ဖြစ်ရပ်ပေါ်ပေါက်သည့်ကာလကို စာချုပ်ပါသက်တမ်းကာလတွင် ထည့်သွင်းရေတွက်ခြင်းမပြုရန် သဘောတူကြသည်။

၈။ စာချုပ်ရုပ်စဲခြင်း၊

၈-၁။ ဤသဘောတူစာချုပ်ကို အောက်ပါအခြေအနေတရပ်ရပ်ပေါ်ပေါက်လာပါက ရုပ်စဲခြင်းပြုလုပ်နိုင်သည်။

(က) လုပ်ငန်းတွင်ကြီးမားစွာဆက်တိုက်အရှုံးပေါ်ပေါက်နေခြင်း။

(ခ) မြေငှားသဘောတူစာချုပ်တွင် တစ်ဖက်ဖက်မှ စာချုပ်ပါတာဝန်များဆောင်ရွက်ရန်ပျက်ကွက်ခြင်း။

(ဂ) ကြိုတင်မမျှော်မှန်းသည့်အပြင် တားဆီးခြင်းမပြုလုပ်နိုင်သော မလွန်ဆန်နိုင်သည့်ဖြစ်ရပ်သည် ဖိလယာက်မနည်း တစ်ဆက်တည်း ဖြစ်ပေါ်လာခြင်း

(ဃ) သဘောတူစာချုပ်၏ မူလရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်စွမ်းမရှိခြင်း။

၈-၂။ သို့သော်ငြားလည်း အင္ဂားချထားခြင်းခံရသူသည် ၎င်း၏လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရန်နှင့်ပြန်လည်တည်ထောင်မှု ပြုလုပ်နိုင်ရန်အတွက် ဤသဘောတူစာချုပ်ပါ၎င်း၏အခွင့်အရေးများကို ခြင်းချက်အဖြစ်သက်သာခွင့်ရရှိစေနိုင်သည် ဤသဘောတူစာချုပ်ကို ရပ်စဲလိုပါက ရပ်စဲလိုကြောင်း အကြောင်းကြားစာကို အခြားတစ်ဖက်သို့ (၃)လကြိုတင်၍ ပေးပို့အသိပေးရမည်။

၈-၃။ ဤကဲ့သို့ မြေငှားသဘောတူစာချုပ်ရပ်စဲရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူအတည်ပြုချက်ရရှိပြီးမှ သာလျှင် စာချုပ်ရပ်စဲနိုင်ခွင့်ရှိသည်။

၉။ အနည်ညာတစီရင်ဆုံးဖြတ်ချက်၊

၉-၁။အကယ်၍ဤမြေငှားသဘောတူစာချုပ်ပါ အချက်အလက်များနှင့်ပါတ်သက်ပြီး၊ အကောင်အထည်ပေါ်ဆောင်ရွက်ရာတွင် ဖြစ်စေ၊ အဓိပ္ပါယ်လွဲမှားမှုကြောင့်ဖြစ်စေ၊ အငြင်းပွားမှုများဖြစ်ပေါ်လာပါက၊ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထား သည့် နှစ်ဦးနှစ်ဖက်စလုံး မှ ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အငြင်းပွားမှုများကိုပြေလည်ငြိမ်းအေးစေနိုင်သည်။ နှစ်ဦးနှစ်ဖက်အ ကြေအလည် ညှိနှိုင်းဆွေးနွေး၍မရရှိခဲ့ပါက မြန်မာနိုင်ငံအတွင်း၌ နှစ်ဦးနှစ်ဖက်အတွက်အနည်ညာတလူကြီးတစ်ဦးစီခန် ထားပြီးညှိနှိုင်း၍ ဆွေးနွေးနိုင်ခွင့်ရှိသည်။ နှစ်ဦးနှစ်ဖက်မှတင်မြှောက်ထားသောအနည်ညာတလူကြီးမှ အငြင်းပွားမှုကို ပြေလည်အောင်ဖြေရှင်းပေးနိုင်ခြင်း မရှိခဲ့ပါကအဆိုပါအနည်ညာတလူကြီးများသဘောတူသော ခုံသမာဓိလူကြီး၏အဆုံး အဖြတ်ကို နှစ်ဘက်စလုံးမှလက်ခံကြရမည်။ ၎င်းခုံသမာဓိလူကြီး၏အဆုံးအဖြတ်မှာနောက်ဆုံးနှင့် အပြီးအပြတ်ဖြစ်စေ ရမည်။ အနည်ညာတစီရင်ဆုံးဖြတ်ခြင်းကို မြန်မာနိုင်ငံအနည်ညာတစီရင်ဆုံးဖြတ်ချက်အက်ဥပဒေ (၁၉၄၄ခုနှစ်၊ မြန်မာနိုင်ငံ အက်ဥပဒေအမှတ်-၄)နှင့်အညီဆောင်ရွက်ရမည်ဖြစ်သည်။ ခုံသမာဓိအဖွဲ့၏ ဖြေရှင်းဆုံးဖြတ်ရန်နေရာမှာ ရန်ကုန်မြို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်သာဖြစ်ရမည်။ ခုံသမာဓိရုံး၏ကုန်ကျစရိတ်များကိုအမှုရှုံးသည့်ဖက်မှကျခံပေးဆောင်ရမည်၊

၁၀။ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ၊

၁၀-၁။ဤသဘောတူစာချုပ်တွင် ပါဝင်သောလုပ်ငန်းဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုများအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ ခွင့်ပြုသဘောတူညီချက်ရရှိပြီးမှသာလျှင် ဆောင်ရွက်နိုင်ခွင့်ရှိကြမည်ဖြစ်သည်။

၁၁။ စာချုပ်ကိုပြည်လည်ပြင်ဆင်ရန်ညှိနှိုင်းခြင်း၊

၁၁-၁။ဤသဘောတူစာချုပ်၌ ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေတစ်ခုခုပေါ်ပေါက်လာသဖြင့် စာချုပ်ပါအချက်အလက်များ ကို ဆက်လက်ဆောင်ရွက်ရန်မဖြစ်နိုင်သောအခါမျိုးတွင် နှစ်ဦးနှစ်ဖက်မှစေ့စပ်ညှိနှိုင်းပြီး စာချုပ်ပါ အချက်အလက်များကို လိုအပ်သလို ပြင်ဆင်ခွင့်ရှိစေရမည်ဖြစ်သည်။

၁၁-၂။ဤကဲသို့ပြင်ဆင်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူအတည်ပြုချက် ရရှိပြီးမှသာလျှင် အတည်ဖြစ်စေ ရမည်။

၁၂။ ကိုယ်စားပြုခြင်းနှင့်အာမခံချက်၊

၁၂-၁။ဤမြေငှားစာချုပ်ကိုချုပ်ဆိုကြသူနှစ်ဦးနှစ်ဖက်တို့သည် ဤသဘောတူစာချုပ်ကိုချုပ်ဆိုနိုင်ရန်အတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ တရားဝင်ဖွဲ့စည်းတည်ထောင်ထားကြပြီးလျှင် ဥပဒေအရလုပ်ပိုင်ခွင့်၊ အခွင့်အာဏာနှင့် စီးပွားရေးအရခိုင်မာတောင့်တင်းသူများဖြစ်ကြောင်းအာမခံသည်။

၁၃။ အကြောင်းကြားစာ၊

၁၃-၁။ဤသဘောတူစာချုပ်နှင့်ပါတ်သက်၍ အကြောင်းကြားစာနှင့်အခြားဆက်သွယ်မှုများအား အောက်ဖော်ပြပါလိပ်စာများအတိုင်း မြန်မာဘာသာဖြင့်ရေးသားပြီးလျှင် စာတိုက်မှမှတ်ပုံတင်ချောစာဖြင့်ဖြစ်စေ၊ သို့မဟုတ် ဖက်(စ်)ဖြင့်ဖြစ်စေ၊ နှစ်ဦးနှစ်ဖက် ဆက်သွယ်ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ပေးပို့ရာတွင် သဘောတူစာချုပ်ချုပ်ဆိုစဉ်က အောက်ပါလိပ်စာအတိုင်းသော်လည်းကောင်း တစ်ဖက်မှအကြောင်းကြားလာသည့် အခြားလိပ်စာဖြင့်သော်လည်းကောင်း ဆက်သွယ်ပေးပို့ရမည်။

(က)	"အငှားချထားသူ"	(၁) အမည်	- ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုသေသနဦးစီးဌာန
		(၂) လိပ်စာ	- ပုဂံမြို့၊ ညောင်ဦးခရိုင်၊
		(၃) ဖုန်းအမှတ်	- (၀၆၂) ၇၀၁၀၄
		(၄) ဖက်(စ်)အမှတ်	- (၀၆၂) ၇၀၂၇၁
		(၅) ကုမ္ပဏီနံပါတ်	- နိုင်ငံတော်အစိုးရအဖွဲ့အစည်း
(ခ)	"အငှားချထားခြင်းခံရသူ"	(၁) အမည်	- Bagan Beach Resort Co. Ltd.
		(၂) လိပ်စာ	- အမှတ်(၇၂)ဦးဝိစာရလမ်း၊အခန်း(၂၀၃)၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။
		(၃) ဖုန်းအမှတ်	- (၉၅ ၁) ၇၀၉ ၄၀၂
		(၄) ဖက်(စ်)အမှတ်	- (၉၅ ၁) ၅၂၇ ၃၇၉
		(၅) ကုမ္ပဏီနံပါတ်	- ၃၈၈ / ၉၄-၉၅

၁၃-၂။ယခုကဲ့သို့စာရွက်စာတမ်းများပေးပို့ဆက်သွယ်သည့်အခါတွင် ပေးပို့ခြင်းကို ဥပဒေနှင့်အညီတရားဝင်ဆောင်ရွက်ပြီးပါက ပေးပို့ခြင်းကိစ္စပြီးပြောက်ပြီးဖြစ်သည်ဟု အတည်ပြုနိုင်သည်။ အကယ်၍တစ်ဖက်မှ လိပ်စာအပြောင်းအလဲရှိပါက စာဖြင့်ရေးသားပေးပို့ပြီး အကြောင်းကြားစာကိုပေးပို့ရမည်။

၁၄။ အငှားချထားသောမြေပုံ၊

၁၄-၁။ဤမြေငှားသဘောတူစာချုပ်အရ အငှားချထားမည့်မြေပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အငှားချထားသူပိုင်ဆိုင်သည့် (၉.၂၉) ဧက ကျယ်ဝန်းသောမြေနေရာပြပုံကို နောက်ဆက်တွဲ(က)တွင် ပူးတွဲဖော်ပြထားသည်။

၁၅။ တွင်းထွက်ပစ္စည်းများနှင့်သယံဇာတပစ္စည်းများ၊

၁၅-၁။ဤမြေငှားစာချုပ်အရ ငှားရမ်းမှုပြုလုပ်ထားသောမြေနေရာတွင် မည်သည့်အချိန်တွင်မဆိုထွက်ပေါ်ရရှိလာသော ဓါတ်သတ္တုများ၊ သဘာဝတွင်းထွက်သယံဇာတပစ္စည်းများ၊ ကျောက်မျက်ရတနာများ၊ ကြေးနီ၊ ရေနံနှင့်အခြားသောတူးဖော်ရရှိလာမည့်သဘာဝအရင်းအမြစ်များအားလုံးသည် အငှားချထားသူနှင့်သက်ဆိုင်စေရမည်ဖြစ်ပြီး အငှားချထားသူအနေဖြင့် သက်ဆိုင်ရာအစိုးဌာနသို့ အကြောင်းကြားတင်ပြပေးရမည်ဖြစ်သည်။

၁၆။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း၊

၁၆-၁။ "အငှားချထားခြင်းခံရသူ" သည် ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် ၎င်းတို့၏ ပတ်ဝန်းကျင်ကစ်ဝိုက်တွင်ရှိ သောအန္တရာယ်ကျရောက်မှုနှင့်ညစ်ညမ်းမှုများတို့မှ ကာကွယ်ရန်အတွက် လိုအပ်သောကြိုတင်ပြင်ဆင်မှုများကို "အငှားချထား ခြင်းခံရသူ"မှ ဆောင်ရွက်ပေးရမည်။ ၎င်းတို့၏အစိတ်အပိုင်းပေါ်တွင် ဆောင်ရွက်မှု ... ဆောင်မှုများ ... လုပ်ငန်း ဆောင်ရွက်မှုကြောင့်ပေါ်ပေါက်လာမည့် မည်သည့်ပျော့ကွက်ကြောင်းဆိုမှုမျိုးကိုမဆို "အငှားချထားသူ" အပေါ်တွင်တာဝန် မရှိစေရ၊ "အငှားချထားခြင်းခံရသူ" ကသာ ကျခံပေးချေရမည်။

၁၇။ လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံကြေး၊

၁၇-၁။အငှားချထားခြင်းခံရသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီးနောက် စာချုပ်ဝင်နှစ်ဦးနှစ်ဘက် B O T စံနစ်အရ မြေငှားရမ်းခြင်းသဘောတူစာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း အငှားချထားသူအမည်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တရားဝင်ခွင့်ပြုထားသောဘဏ်သို့ လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံကြေးငွေအဖြစ် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ၏(၁)%နှင့်ညီမျှသော ကျပ် ၁၈,၇၉,၅၀၀/-(ကျပ်တစ်ဆယ့်ရှစ်သိန်း၊ခုနစ်သောင်း၊ကိုးထောင်၊ငါးရာတိတိ)ကို ပေးသွင်းရမည်။ ယင်းလုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံကြေးငွေကို လုပ်ငန်းတည်ဆောက်မှုကာလပြီးဆုံး၍ လုပ်ငန်းစတင် ဖွင့်လှစ်ဆောင်ရွက်သည့်နေ့တွင် အငှားချထားခြင်းခံရသူသည် ပြန်လည်ထုတ်ယူပိုင်ခွင့်ရှိစေရမည်။ ယင်းကာလအတွင်း အငှားချထားခြင်းခံရသူဘက်မှ ပျက်ကွက်လျှင် အဆိုပါဘဏ်အာမခံကြေးငွေများကို အငှားချသူသည် သိမ်းယူပိုင်ခွင့်ရှိစေရမည်။ လုပ်ငန်းဆောင်ရွက်မှု ဘဏ်အာမခံကြေးပုံစံကို ပူးတွဲဖော်ပြထားပါသည်။

၁၈။အထွေထွေ၊

၁၈-၁။ ... သဘောတူစာချုပ်နှင့် အတူပူးတွဲထားသောနောက်ဆက်တွဲများသည် ဤစာချုပ်၏တစိတ်တဒေသဖြစ်သည်။

... သဘောတူစာချုပ်ကို အထက်ဖော်ပြပါ ၂၀၀၂ခုနှစ်၊ ဒီဇင်ဘာလ၊ (၃၁)ရက်နေ့တွင် နှစ်ဦးနှစ်ဘက်မှတရားဝင်ကိုယ်စားလှယ်များက ... အောက်ပါ အသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးသဘောတူကြသည်။

အငှားချထားသူ ကိုယ်စား	အငှားချထားခြင်းခံရသူ ကိုယ်စား
လက်မှတ် ----------------------	လက်မှတ် ----------------------
ယဉ်ကျေးမှုဝန်ကြီးဌာန (မောင်ကြိုင်) ဒုတိယညွှန်ကြားရေးမှူးချုပ် ရှေးဟောင်းသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်) မန္တလေးမြို့။	Bagan Beach Resort Co. Ltd.
(ကိုယ်စား ... ညွှန်ကြားရေးမှူးချုပ်	(ကုမ္ပဏီကိုယ်စားအုပ်ချုပ်မှုဒါရိုက်တာ
ဦးအောင်ကြိုင်လက်မှတ်ရေးထိုးသည်)	ဒေါက်တာဒေါ်သန်းသန်းမြင့်လက်မှတ်ထိုးသည်)
မှတ်ပုံတင်အမှတ် - MBU 031 326	မှတ်ပုံတင်အမှတ် - ၁၂/သဃက(နိုင်)၀၁၃၈၁၂

BAGAN BEACH RESORT CO., LTD. No.......... Date..........

ပုဂံမြို့

အသိသက်သေများ

လက်မှတ် ----------------------	လက်မှတ် ----------------------
အမည် မျိုးညွန့် ဒုတိယညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ရှေးဟောင်းသုတေသနဦးစီးဌာန ပုဂံမြို့	အမည် ----------------------
မှတ်ပုံတင်အမှတ် ----------------------	မှတ်ပုံတင်အမှတ် ----------------------

နောက်ဆက်တွဲ (


ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၆ ကျပ် K6

မြေစာရင်းပုံစံ (၁၀၅)

မှန်ကြောင်း သက်သေမခံ / သက်သေခံ

သော လက်ရှိမြေပုံတွင် ယခုနှစ် အသုံးပြုသော ဦးပိုင်မြေပုံ လက်ခွဲရေးရန် ပုံစံ

ရုံးခွန် တံဆိပ်ခေါင်းကပ်ရန်

ခရိုင် မအူပင်	
မြို့နယ် မအူပင်	
ရပ်ကွက် / ကျေးရွာအုပ်စု ဇောင်းတိ	
ကွင်း / အကွက် အမှတ်နှင့်အမည် ၁၅၂၂- မဇောင်းတိ	
ဦးပိုင်အမှတ် မြေကွက် - ၁၄၃ - ၁၄၅ / ၁၄၆	

မြေကွက် ဦးပိုင် အမှတ်	အခွန်စည်းကြပ်ခံရသူ ပိုင်ရှင်အမည် / ဂရန်ရှင် အငှားဂရန်ရှင်	ပိုင်ဆိုင်ခွင့်	မြေမျိုးနှင့်အတန်း	ဧရိယာ (ဧက)	မှတ်ချက်
၁၄၃ ၁၄၅ ၁၄၆	ကျောင်းဟောင်း သုဓမ္မာသင် ဦးမိုးသာ — " — — " —	- - -	၀A (ကျွန်း) ၀A (ချောင်း) ၀A (ကျွန်း)	၆ . ၄၂ ၀ . ၁၉ ၂ . ၅၀ ၉ . ၂၉	(၃-ခ) ဆယ်ပြီ

ရေးကူးပေးသည့် အကြောင်းအရာ M - I - C သို့ တင်ပြရန်
(ပေါ်ပြပါ အကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်။)
လျှောက်ထားသူအမည် ဦး မျိုးညွန့်
လျှောက်လွှာတင်သည့်နေ့စွဲ ၁၅ . ၅ . ၂၀၀၁
လျှောက်လွှာကို ထုတ်ပေးအပ်သည့် နေ့စွဲ ၁၈ . ၈ . ၂၀၀၁

BAGAN BEACH RESORT CO. LTD.

သို့

ဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန
ရန်ကုန်မြို့။

စာအမှတ် - ၀၁၄/BBR/၂၀၀၃
ရက်စွဲ။ ။၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၅)ရက်

အကြောင်းအရာ။ ။လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံကြေးငွေပေးသွင်းခြင်းကိစ္စ။

ရည်ညွှန်းချက် ။ ။ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ပုဂံမြို့နှင့် Bagan Beach Resort Co. Ltd.ရန်ကုန်မြို့တို့အကြားချုပ်ဆိုထားသော (၃၀-၁၂-၂၀၀၂) နေ့စွဲပါ B O T စနစ်ဖြင့် မြေငှားရမ်းခြင်း သဘောတူစာချုပ်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ရည်ညွှန်းချက်ပါ စာချုပ်စည်းကမ်းချက် အပိုဒ်(၁၇-ဂ)အရ Bagan Beach Resort Co. Ltd. သည် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်သို့ လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံကြေးငွေအဖြစ် ကျပ်၁၈,၇၉,၅၀၀/- (ကျပ်တစ်ဆယ့်ရှစ်သိန်း ခုနစ်သောင်း ကိုးထောင်ငါးရာတိတိ)ကို (၃၀-၁-၂၀၀၃)ရက်နေ့တွင် ပေးသွင်းခဲ့ပြီး၊ Letter of Guarantee No. 13 / C / 2002-2003 ကို (၄-၂-၂၀၀၃)နေ့တွင် ထုတ်ပေးခဲ့ပါသည်။

၎င်း Letter of Guarantee မူရင်းကို လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ရန် ပေးပို့အပ်ပါသည်။

လေးစားစွာဖြင့်

DR. THAN THAN MYINT
MANAGING DIRECTOR
BAGAN BEACH RESORT CO. LTD

မိတ္တူကို
- ဥက္ကဋ္ဌ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရန်ကုန်မြို့။
- ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ရန်ကုန်မြို့။
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)မန္တလေးမြို့။
- ရုံးလက်ခံ

72, U Wisara Road, Room 203, Kamayut Township, Yangon, MYANMAR
Tel : (951) 502 479, 709 402 Fax : (951) 527 379 E-mail : grh@mptmail.net.mm

MYANMA INVESTMENT AND COMMERCIAL BANK

Ref No: L/G -13/C/2002-2003
Date : -4 FEB 2003

Ministry of Culture
Department of Archeology
Bagan, Union of Myanmar.

Dear Sir,

Our Letter of Guarantee No. 13/C/2002-2003
Date -4 FEB 2003 K. 1879500/-

At the request of Bagan Beach Resort Co, Ltd. No. 72, U Wisara Road, Room (203), Kamayut Township , Yangon, we the Myanma Investment and Commercial Bank do hereby agree to pay you against the guarantee the sum of K. 1879500/- (Kyats - One million eight hundred seventy nine thousand five hundred only.) being the performance bank guarantee in respect of the contract between Bagan Beach Resort Co, Ltd and Ministry of Culture , Department of Archeology, Bagan.

This performance bank guarantee will remain inforces for the period of (1096) days with effect from 30-1-2003 and our liability thereunder will expire on 30-1-2006.

All claims or notice of claims in writing hereunder shall be considered void unless submitted during the effective period.

Your faithfully ,

Asst: Manager Manager

170-176 Bo Aung Kyaw Street, Yangon, MYANMAR. Telephone: 285585, 290874. Telex: 21244, 21455, 21456 MICBBK BM.

Fax: 095-1-281775. Cable : BANKINVEST. P.O. BOX. 442.

BAGAN BEACH RESORT CO. LTD.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ် - ၀၀၉၁/BBR/၂၀၀၂
ရက်စွဲ။ ။၂၀၀၂ ခုနှစ်၊ ဇွန်(၂၁)ရက်

အကြောင်းအရာ။ ။Bagan Beach Resort Co. Ltd. ၏ လုပ်ငန်းခွင့်ပြုမိန့်ထုတ်ယူခွင့်ကိစ္စ။

အထက်ပါကိစ္စနှင့်ပတ်သက်၍ Bagan Beach Resort Co. Ltd. ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှထုတ်ပေးသော ခွင့်ပြုမိန့်ထုတ်ယူရန်အတွက် Managing Director ဖြစ်သူ ဒေါက်တာသန်းသန်းမြင့်သည် နိုင်ငံခြားသို့ခရီးသွားနေပါသဖြင့် ၎င်း၏ကိုယ်စား ဒါရိုက်တာဒေါ်ခင်သီနွယ်အား ထုတ်ယူခွင့်ပြုပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

LWIN MAR OO
DIRECTOR
BAGAN BEACH RESORT CO., LTD.

72, U Wisara Road, Room 203, Kamayut Township, Yangon, MYANMAR (Burma)
Tel : (951) 502 479, 709 402 Fax : (951) 527 379 E-mail : grh@mptmail.net.mm

ပုံစံ(မနသ-၂)
စာအမှတ် ၁၁၅၇-၈-၁
နေ့စွဲ ၁၅-၆-၂၀၀၂

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ မနသ-......၁၄၁../၂၀၀၂။ ၂၀၀၂ ခုနှစ်၊ ဇွန် လ ၁၅ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ဒေါက်တာသန်းသန်းမြင့်

(ခ) အဘအမည် ဦးဦးရွှေ

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၂/သဃက(နိုင်)၀၁၃၀၁၂

(ဃ) နေရပ်လိပ်စာ အမှတ်(၇၂)၊ ဦးဇီဝရလမ်း၊ အခန်းအမှတ်(၂၀၃) ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း ပုဂံကမ်းသာယာကုမ္ပဏီလီမိတက် (Bagan Beach Resort Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား BOT စနစ်ဖြင့်ဟိုတယ် ဆောက်လုပ်၍ ဟိုတယ်လုပ်ငန်း ဆောင်ရွက်ခြင်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) ဦးပိုင်အမှတ် ၁၆၄/၁၆၅/၁၆၆ အကွက်အမှတ် ၁၅၂၂-ပုဂံ၊ တောင်ဘီကျေးရွာအုပ်စု၊ ပုဂံမြို့၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်း

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) (၁၀၇.၉၅)သန်း (ကျပ်တစ်ရာ့စ်ဆယ့်ခုနှစ်သန်း နှင့်ကိုးသိန်းငါးသောင်းတိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၂၂ /၂၀၀၂ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၄ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

၁။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) သည် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနပိုင်၊ ဦးပိုင်အမှတ် ၁၆၄/၁၆၅/၁၆၆၊ အကွက်အမှတ် ၁၅၂၂-တောင်ဘီ၊ တောင်ဘီ ကျေးရွာအုပ်စု၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းရှိမြေ (၉.၂၉)ဧက (၃၇၅၉၅.၃၃ စတုရန်းမီတာ) ကို ငှါးရမ်းပြီး BOT စနစ်ဖြင့် ဟိုတယ်ဆောက်လုပ်၍ ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်အဆိုပြုတင်ပြချက်အား(၁၅-၃-၂၀၀၂)နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၂၀၀၂)အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး (၃၀-၄-၂၀၀၂) နေ့တွင် ကျင်းပပြုလုပ်သည့် ကုန်သွယ်မှု မူဝါဒကောင်စီ၏ (၈/၂၀၀၂)အစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ အဆိုပါ အစည်းအဝေးမှ မူအားဖြင့်သဘောတူပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၆-၆-၂၀၀၂) နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၂၁/၂၀၀၂) အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) အား ဟိုတယ်လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ-၅၄၅/၂၀၀၂ ကို ထုတ်ပေး လိုက်သည်။

၂။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့်အရ ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ဝန်ဆောင်မှု လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေ ပုဒ်မ ၁၃(က) အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏ အပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့် ပမာဏကိုဖော်ပြလျက် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ဝန်ဆောင်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက်နှင့် အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန် အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေ ပုဒ်မ ၁၃(စ) အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လုပ်ငန်းအမှန်တကယ်အကောင်အထည်ဖော်မှုအခြေအနေကိုဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေ ပုဒ်မ ၁၃(ဆ) အရ လုပ်ငန်းသုံးမတည်ပစ္စည်းများအပေါ် တန်ဖိုးလျော့ငွေကို သတ်မှတ်သည့်

နှုန်းအတိုင်း နှစ်တိုင်း နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နုတ်ပယ်ခွင့် နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုး လျော့နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(င) ဥပဒေ ပုဒ်မ ၁၃(ဈ) အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန်တကယ် လိုအပ်၍ ပြည်ပမှတင်သွင်းသော လုပ်ငန်းသုံးပစ္စည်းများအပေါ် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များကို ကင်းလွတ် ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဈ) အရ ပြည်ပမှတင်သွင်းသည့် လုပ်ငန်းသုံး ပစ္စည်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက် ရမည်။

(က) ပြည်ပမှတင်သွင်းမည့် ပစ္စည်းများအတွက် နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import)ဥပမာ – ပြည်ပတင်ပို့မှုမှ ဝင်ငွေ၊ ပြည်ပချေးငွေ(Loan and Credits)စသည်တို့ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား (Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေးအဖွဲ့ထံသို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)သည် လုပ်ငန်း အတွက် ပြည်ပမှ လုပ်ငန်းသုံးပစ္စည်းများကို ပြည်ပချေးငွေ (Loan and Credits) ဖြင့် ဝယ်ယူတင်သွင်းပြီး၊ ပြန်လည်ပေးဆပ်သည့် အခါအဆိုပြု လုပ်ငန်းမှရရှိသည့် တရားဝင်နိုင်ငံခြား ငွေဖြင့်သာပေးဆပ်ရမည်။

၅။ အဆိုပြုလုပ်ငန်းအတွက် ပြည်ပမှ လုပ်ငန်းသုံးပစ္စည်းများကို ပြည်ပ ချေးငွေ (Loan and Credits) ဖြင့် ရယူဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ချေးငွေပေးသူနှင့် ယူသူတို့၏ တာဝန်သာ ဖြစ်စေရမည်။

၆။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)သည် ဤခွင့်ပြုမိန့် အရ လုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် ဝန်ဆောင်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၇။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်း များကို သီးခြားပြုစုထားရှိရမည်။

၈။ ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနနှင့် ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) တို့သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အတည်ပြုပြီးဖြစ်သော တည်ဆောက်ခြင်း၊ လုပ်ဆောင်ခြင်း၊ လွှဲပြောင်းခြင်း (B.O.T) စနစ်ဖြင့် မြေငှါးရမ်းခြင်း သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြရမည်။

၉။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန ဦးစီးဌာနနှင့်

ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) တို့အကြား ချုပ်ဆိုမည့် တည်ဆောက်ခြင်း၊ လုပ်ဆောင်ခြင်း၊ လွှဲပြောင်းခြင်း (B.O.T)စနစ်ဖြင့် မြေငှါးရမ်းခြင်း သဘောတူ စာချုပ် ကို လက်မှတ်ရေးထိုးပြီးသည့်အခါ ယင်းသဘောတူစာချုပ် မိတ္တူ (၅)စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

၁၀။ မြေငှါးရမ်းကာလမှာ ကနဦး (၂၅)နှစ် ဖြစ်ပြီး နောက်ထပ် (၅)နှစ် (၁)ကြိမ် ငှါးရမ်းခွင့်အတွက် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုချက် ရယူရမည်။

၁၁။ မြေငှါးစာချုပ် ချုပ်ဆိုသည့် နေ့မှစ၍ အဆောက်အဦ တည်ဆောက်ဆဲ(၃)နှစ် ကာလအတွင်း ငှါးရမ်းခ သတ်မှတ်ခြင်း မရှိဘဲ၊ လုပ်ငန်းတရားဝင် စတင် ဆောင်ရွက်သည့်နေ့ (Grand Opening) မှစ၍ ငှါးရမ်းခနှုန်းကို သတ်မှတ်ရာတွင် ကြမ်းခင်းနှုန်း တစ်နှစ်လျှင် ကျပ် (၂.၄၀) သန်း နှင့် အမေရိကန်ဒေါ်လာ (၂၄၀၀) (သို့မဟုတ်) ဟိုတယ် စုစုပေါင်းဝင်ငွေ၏ (၅)ရာခိုင်နှုန်း တို့အနက် ပိုများသောငွေဖြင့် ပေးချေရမည်၊ နိုင်ငံခြားဝင်ငွေများ၏ (၅)ရာခိုင်နှုန်းကို နိုင်ငံခြားငွေဖြင့် ပေးရန်နှင့် ကျပ်ဝင်ငွေ၏ (၅)ရာခိုင်နှုန်းကို ကျပ်ငွေဖြင့် ပေးရမည်။

၁၂။ မြေငှါးရမ်းခနှုန်းများကို (၅)နှစ်လျှင် တစ်ကြိမ် ပြန်လည်ညှိနှိုင်းရာတွင် ယခင်ငှါးရမ်းခနှုန်း၏ (၁၅)ရာခိုင်နှုန်း ထက် မပိုစေပဲ ညှိနှိုင်းရမည်။

၁၃။ မြေငှါးကာလ ကုန်ဆုံးသည့်အခါတွင် BOT စနစ်ဖြင့် မြေငှါးရမ်းခြင်း သဘောတူစာချုပ်ပါ စည်းကမ်းများ အတိုင်း လွှဲပြောင်း ပေးရမည်။

၁၄။ လုပ်ငန်းဆောင်ရွက်မှု ဘဏ်အာမခံကြေးအဖြစ် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ၏ (၁)ရာခိုင်နှုန်းနှင့် ညီမျှသော ကျပ် ၁၈,၇၉,၅၀၀/- (ကျပ် တစ်ဆယ့် ရှစ်သိန်း ခုနစ်သောင်း ကိုးထောင့် ငါးရာတိတိ)ကို စာချုပ် လက်မှတ် ရေးထိုးသည့် နေ့မှ ရက်ပေါင်း (၃၀)အတွင်း ရှေးဟောင်း သုတေသန ဦးစီးဌာန အမည်ဖြင့် လုပ်ငန်း တည်ဆောက်မှု ကာလပြီးဆုံး၍ လုပ်ငန်းစတင်ဖွင့်လှစ်ဆောင်ရွက်သည့် နေ့အထိ သက်ဆိုင်ရာဘဏ်တွင် အာမခံ ထားရှိရမည်။

၁၅။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီး ဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)မှ နိုင်ငံခြားသား ကျွမ်းကျင်သူများငှားရမ်းခွင့် ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ သားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများ အခန်း(၉)၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက်များနှင့်အညီ ဤကော်မရှင်သို့ သီးခြား တင်ပြလျှောက်ထား ရမည်။

၁၆။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) သည် ဤခွင့်ပြုမိန့် အရ ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ် စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံ များကို ဝန်ခံဂတိပြုထားသည့်အတိုင်း စံနစ်တကျထားရှိဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၇။ အဆိုပြုလုပ်ငန်းနှင့် ဆက်စပ်သော မော်တော်ယာဉ် ရပ်နားရန် (Car Parking)ကိစ္စကို စနစ်တကျ ဆောင်ရွက်ထားရှိရမည်။

၁၈။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) သည် ပူးတွဲပါ ကနဦးလုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး (သုံး)လအတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။ ထို့အပြင် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၆)လ တစ်ကြိမ် (ဧပြီ/အောက်တိုဘာလများ) မပျက်မကွက် ပုံမှန်ပေးပို့အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၉။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၀။ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.) သည် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသောတည်ဆဲစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်းစစ်ဆေးတွေ့ရှိပါကဤခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းသည် အထိ အရေးယူခြင်း ခံရမည်။

(ဦးသောင်း)
ဥက္ကဋ္ဌ

စာအမှတ်၊ ရက-၁/မ-၇၅၉/၂၀၀၂ (၁၁၅၇-၈-၁)
ရက်စွဲ၊ ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်။

ဖြန့်ဝေခြင်း-
၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ မန္တလေးတိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၅။ ကာကွယ်ရေး ဝန်ကြီးဌာန၊ တပ်မတော် ထောက်လှမ်းရေး ဌာနချုပ်ရုံး၊ (ပြည်တွင်း ထောက်လှမ်းရေးဌာန)။
၆။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၇။ အလုပ်သမား ဝန်ကြီးဌာန။
၈။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၉။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန။
၁၀။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၁၁။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၁၂။ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၃။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၄။ ယဉ်ကျေးမှု ဝန်ကြီးဌာန။
၁၅။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။

လျှို့ဝှက်

၅

၁၆။ ၂၀၁၃၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန။
၁၉။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန။
၂၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၂။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၃။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၅။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။
၂၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၇။ ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန ဦးစီးဌာန။
၂၈။ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ညောင်ဦးခရိုင်။
၂၉။ ၂၀၁၃၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။
၃၀။ အုပ်ချုပ်မှု ဒါရိုက်တာ၊ ပုဂံ ကမ်းသာယာ ကုမ္ပဏီ လီမိတက် (Bagan Beach Resort Co., Ltd.)။

လျှို့ဝှက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနဦးစီးဌာန
၃၂-ဒီ၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်စာတိုက်
ရန်ကုန်မြို့။

ဖုံး - ၅၁၂၁၄၀
၅၁၃၈၉၃

စာအမှတ် ၆၀၇၆/၁၃-၀
နေ့စွဲ၊ ၂၀၀၂ ခု၊ ဖေဖော်ဝါရီလ ၁ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ။ ရှေးဟောင်းသုတေသနဦးစီးဌာန Bagan Beach Resort Co. Ltd တို့၏ မြေငှားစာချုပ်ကိစ္စ။

အထက်ပါကိစ္စနှင့်ပတ်သက်၍ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် Bagan Beach Resort Co.Ltd တို့အကြားချုပ်ဆိုသော B O T စနစ်ဖြင့် မြေငှားရမ်းခြင်းသဘောတူစာချုပ်ပါအချက်အလက်များနှင့်ပတ်သက်၍ (၃၁-၁-၂၀၀၂) နေ့တွင်မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း၌ ညှိနှိုင်းဆွေးနွေးသောအစည်းအဝေးမှတ်တမ်းအားပူးတွဲပေးပို့အပ်ပါသည်။

လေးစားစွာဖြင့်

(ညွှန့်တန်)
ညွှန်ကြားရေးမှူးချုပ်

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ပုဂံမြို့

နှင့်

Bagan Beach Resort Co. Ltd.၊ ရန်ကုန်မြို့

တို့အကြားချုပ်ဆိုသော

B O T စံနစ်ဖြင့် မြေငှားရမ်းခြင်းသဘောတူစာချုပ်ပါ အချက်အလက်များနှင့်ပတ်သက်၍

ညှိနှိုင်းဆွေးနွေးသော အစည်းအဝေးမှတ်တမ်း

အစည်းအဝေးတက်ရောက်သူများ

(၁) ဦးညွန့်ဟန် (ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနဦးစီးဌာန)

(၂) ဦးတင်ဌေး (ဒါရိုက်တာ၊ **Project Investment** မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)

(၃) ဒေါက်တာသန်းသန်းမြင့် (မန်နေးဂျင်းဒါရိုက်တာ၊ **Bagan Beach Resort Co. Ltd.**)

အစည်းအဝေးကျင်းပသည့်နေရာ ။ ။ ဦးဆောင်ညွှန်ကြားရေးမှူးရုံး၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

ကျင်းပသည့်နေ့စွဲ ။ ။ ၂၀၀၂ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်

ကျင်းပသည့်အချိန် ။ ။ ၁၃း၃၀ နာရီ မှ ၁၄း၂၀ နာရီ အထိ

ဆွေးနွေးသည့်အကြောင်းအရာ ။ ။

(၁) B O T စံနစ်ဖြင့် နှစ်ရှည်ငှားရမ်းခြင်းနှင့်ပတ်သက်၍ ဒေါက်တာသန်းသန်းမြင့်ကဆွေးနွေးရာ ရင်းနှီးများသည့်အတွက် ရင်းနှီးမြှုပ်နှံမှုများအတိုင်းအတာပေါ်မူတည်၍ နှစ်ရှည်ငှားရမ်းခြင်းဖြစ်ကြောင်း ဦးတင်ဌေးနှင့် ဦးညွန့်ဟန်တို့မှ ရင်းနှီးမြှုပ်နှံမှုပမာဏအပေါ်မူတည်၍ အနည်းဆုံးငှားရမ်းခြင်းကာလ(၂၅)နှစ်နှင့် နောက်ထပ်တကြိမ်လျှင်(၅)နှစ်ဖြင့် (၂)ကြိမ်အထိ ဆက်လက်တိုးမြှင့်ငှားရမ်းသင့်ကြောင်း ဆွေးနွေးကြသည်။

(၂) **Land Use Premium** ၏ **Signature Bonus** ဆိုသည်မှာ နိုင်ငံခြားသားများရင်းနှီးမြှုပ်နှံမှုအတွက် အဓိကရည်ရွယ်သည်ဖြစ်၍ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုပြုသူများအနေဖြင့် ရင်းနှီးမြှုပ်နှံရာတွင် **Bank Performance Guarantee** ကို ရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၁ **%** ကိုထားနိုင်ကြောင်း ဆွေးနွေးကြပါသည်။

(၃) ငှားရမ်းခသတ်မှတ်ရာတွင် ဟိုတယ်စုစုပေါင်းဝင်ငွေ၏ ၅ **%**ဆိုရာတွင် (ကျပ်ငွေဖြင့်ရသည့်ဝင်ငွေအပေါ် ၅ **%** နှင့် အမေရိကန်ဒေါ်လာဖြင့်ရသောဝင်ငွေ၏ ၅ **%**)ကိုဆိုလိုကြောင်း ယင်းသို့ကျပ်ငွေ + အမေရိကန်ဒေါ်လာ ဖြင့်ပေးသွင်းရာတွင် ကြမ်းခင်းနှုန်း တနှစ်လျှင် ကျပ်(၂၄)သိန်းနှင့် အမေရိကန်ဒေါ်လာ(၂၄၀၀)ပေးရန် သတ်မှတ် သင့်ကြောင်း ဆွေးနွေးကြပါသည်။

ယင်းသို့ဆွေးနွေးပြီးနောက် အောက်ပါအတိုင်းဆုံးဖြတ်၍ အစည်းအဝေးကို ရုတ်သိမ်းလိုက်ပါသည်။

ဆုံးဖြတ်ချက်များ။ ။

(၁) ရင်းနှီးမြှုပ်နှံမှုများသည့်အတွက် **B O T** စံနစ်ဖြင့် ငှားရမ်းခြင်းကာလ(၂၅)နှစ်နှင့် ယင်းငှားရမ်းကာလ ပြည့်ပြီးနောက် တကြိမ်လျှင်(၅)နှစ်ဖြင့် (၂)ကြိမ်သက်တမ်းတိုးငှားရမ်းရေးကို ညှိနှိုင်းဆောင်ရွက်ရန်၊

(၂) **Bank Performance Guarantee** အနေဖြင့် ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းကျပ်ငွေပမာဏ၏ ၁ **%**ကို ပေးသွင်း ရန်၊

(၃) ငှားရမ်းခငွေကို သတ်မှတ်ရာတွင် ကြမ်းခင်းနှုန်းတနှစ်လျှင် ကျပ်(၂၄)သိန်း + အမေရိကန်ဒေါ်လာ(၂၄၀၀)၊ (သို့) ဟိုတယ်စုစုပေါင်းဝင်ငွေ၏၅**%** တို့အနက် ပိုများသောငွေကိုပေးသွင်းရန်

(အစည်းအဝေးကို ၁၄း၂၀ နာရီတွင် ရုတ်သိမ်းလိုက်ပါသည်။)

မှတ်တမ်းတင်သူ

(ဒေါက်တာသန်းသန်းမြင့်)

မိတ္တူကို - ဦးညွန့်ဟန်

- ဦးတင်ငွေး

တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းအကျဉ်းချုပ်

(က) လက်ခံတွေ့ဆုံသည့်ပုဂ္ဂိုလ်

(၁) ဗိုလ်မှူးကြီးလင်းသော်
အထူးအရာရှိ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

(၂) ဒေါ်သီဂီတင်
ဒုတိယညွှန်ကြားရေးမှူးချုပ်၊

(၃) ဒေါ်စီစီဝင်း
ညွှန်ကြားရေးမှူး

(ခ) လာရောက်တွေ့ဆုံသည့်ပုဂ္ဂိုလ်

(၁) ဦးညွန့်ဟန်
ညွှန်ကြားရေးမှူးချုပ်၊
ရှေးဟောင်းသုတေသနဦးစီးဌာန။

(၂) Mr. Pramod
Director
Bagan Beach Resort Co., Ltd.

(၃) ဒေါ်ခင်သီနွယ်
ဒါရိုက်တာ၊
Bagan Beach Resort Co., Ltd.

(ဂ) တွေ့ဆုံသည့်နေ့ရက် - ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက် (တနင်္လာနေ့)

အချိန် - မွန်းလွဲ (၂း၃၀) နာရီ

နေရာ - မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး။

(ဃ) ဓိမိဘက်မှစတင်ဆွေးနွေးချက် -

(၁) အထူးအရာရှိဗိုလ်မှူးကြီးလင်းသော်မှစတင်ဆွေးနွေးရာတွင် ပုဂံဟိုတယ်လုပ်ငန်းနှင့်ပတ်သက်၍ proposal ပါစာချုပ်(မူကြမ်း)တွင်ပါသောတချို့သောအချက်များကို ရှေးဟောင်းသုတေသနဦးစီးဌာနနှင့်ညှိနှိုင်းရန်အတွက်ယခုကဲ့သို့ခေါ်ယူရခြင်းဖြစ်ကြောင်း။

(၂) [illegible]ငှားစာချုပ်(မူကြမ်း)ကိုစိစစ်ရာတွင်ငှားရမ်းခအတွက်[illegible]းခနှုန်းတစ်နှစ်လျှ[illegible] ကျပ်ငွေ(၂၄)သိန်းသို့မဟုတ်ဝ[illegible] ငွေခွန်မ[illegible] မီစုစုပေါင်းအ[illegible]ားတင်ငွေ၏ ၂၀%(20% of net income before t[illegible]es)တို့အနက်ပိုများသောကျပ်ငွေ[illegible] ဖော်ပြထားကြောင်း သို့[illegible] နိုင်ငံတော်မှရရှိသည့်ငှာ[illegible]န်းခကိုအခြား MICခွင့်ပြုလုပ်ငန်းများတွင် Total Gross Income ပေါ်၌သာယူကြောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်[illegible]က်ဆိုင်ရာကုမ္ပဏီတို့ကြိုတင်ညှိနှိုင်းပြီးကြမ်းခင်းဈေးနှုန်း(minimum

(minimum ဈေးနှုန်း) တရကိုကျပ်နှင့်နိုင်ငံခြား အတွက်သတ်မှတ်ရန်သင့်ကြောင်း။ ဟိုတယ်အခန်းအနေ အထားကိုကြည့်၍ ပုဂံဒေသတွင်မည်သည့် ဈေးနှုန်း ယူ သည်ကိုဟိုတယ်/ခရီး ဝန်ကြီး ဌာနနှင့်ညှိနှိုင်းသင့်ကြောင်း နိုင်ငံတော်ဘက်မှမနစ်နာရန်လိုအပ်ကြောင်း။

(၃) ထို့ကြောင့် ဒေါ်လာ (သို့) FEC ဝင်ငွေများ ကိုကုမ္ပဏီ များ ဆိုင်ရာ ဌာနမှကုန် သွယ်ခွန် (Commercial Tax) ပေး ဆောင်သည့်နှုန်း (Market Rate) တန်ဖိုး ဖြင့် ပြောင်း လဲတွက်ချက် ပေး ရမည်ဟုစာချုပ် တွင် ဖော်ပြထား ရာငွေ အပုဒ်ကိုထည့်သင့်မထည့်သင့် စဉ်းစားသင့်ကြောင်း။ ကော်မရှင်အနေဖြင့်မထည့် သင့်ဟုထင် ကြောင်း။ ဝင် ငွေကိုကျပ်နှင့် ဒေါ်လာနှင့် ၍ Minimum Amount ပြရန်လို ကြောင်း။ ဒေါ်လာမှာလဲ တရုထားရှိလို ကြောင်း။

(၄) စာချုပ်တွင် ရှေး ဟောင်း သုတေသနဦး စီး ဌာန ဝန်ထမ်း သက်သာပိုမို ငွေအတွက်ငှားရမ်း ခြင်း ဖြစ် ကြောင်း ဖော်ပြထား ရာသက်သာအတွက်ဆိုပါကတစ် နှစ် ချင်း ငှား ရမ်း သည့်စနစ်ဖြင့်အများ ဆုံး (၅) နှစ် သာငှား ရမ်း ခွင့်ရှိပါကြောင်း။ ထို့ကြောင့် မြေငှား ရမ်း စာချုပ်ရည်ရွယ်ချက်တွင်ယင်း စကား ရပ်ကိုပြင် ရမည်ဖြစ် ကြောင်း။ နှစ်ရှည်ငှား ရမ်း မည်ဆိုပါ က B.O.T စာချုပ်ချုပ်ရမည်ဖြစ် ကြောင်း။ ငှား ရမ်း ခများ ကိုဌာနကသာ ရမည်ဖြစ် ကြောင်း ဝင် ငွေကို နိုင်ငံတော်သို့ ပေး သွင်း ရမည်ဖြစ် ကြောင်း။

(၅) အဆိုပြုလွှာတွင်စက်ပစ္စည်းကရိယာနှင့် ဆောက်လုပ် ရေး ကုန်ကြမ်းပစ္စည်းများ ကိုအမေရိကန် ဒေါ်လာ (၃) သန်း ဖိုး ကိုမိမိတို့မိတ်ဖက်ကုမ္ပဏီများ မှ ရရှိသော Export Earning Money - ဖြင့်တင်သွင်း မည် ဟု ဖော်ပြထား ကြောင်း။ ပြည်တွင်းမှ ဝယ်ယူရသည့်ပစ္စည်း များ ကိုပြည်တွင်းမှာဝယ်ယူရမည်ဖြစ် ကြောင်း။ မိတ်ဖက် ကုမ္ပဏီဆိုသည်မှာမည်သည့်ကုမ္ပဏီများ ဖြစ်သည်ကို သေချာ စွာ ဖော်ပြရန်လို ကြောင်း။ ယင်း ကုမ္ပဏီများ ၏ Income - နှင့် Bank Balance များ ကိုတင်ပြရမည်ဖြစ် ကြောင်း။

(င) တစ်ဖက်မှပြန်လည်ဆွေးနွေးချက် (၁) ဌေး တောင်း သုတေသနဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ချုပ်ဦး ညွှန့်တန် မှ ဆွေးနွေး ပြောကြားရာတွင် ၎င်းတို့၏ ဌာန၏ပုဂ္ဂိုလ်ဝန်ထမ်းများ၏ သက်သာချောင် ချိရေးပွဲဝယ်ငွေအတွက် ရည်ရွယ်ပြီးလုပ်ခဲ့ ကြောင်း သက်သာပွဲဝယ်ငွေအတွက်ငှားရမ်း လျှင် ၅ နှစ်သာငှားရမည်ဆိုပါက ကုမ္ပဏီအတွက် တွက်ခြေကိုက်မည်မဟုတ်ကြောင်း၊ ဒါကြောင့် B.O.T စနစ်ကိုသာသုံးမည်ဖြစ်ကြောင်း ဝါချုပ်တွင်ပါသော "သက်သာ" ဟူသော စကားရပ်ကိုပြင်ပေးရန်အတွက်တင် ပြ ညှိနှိုင်းပြီး အကြောင်းပြန်မည်ဖြစ်ကြောင်း၊ နှစ်စဉ်ငှားရမ်း ခကိုတိုးတယ်/ခရီး နှင့် ပြည်လည်ညှိနှိုင်းမည်ဖြစ်ကြောင်း

(၂) Bagan Beach Resort Co., Ltd. မှ အိုင်တိုက်တာ Mr. Pramod - မှ ပြောကြားရာတွင် $ (သို့) FEC ဝင် ငွေများကို Market Rate နှင့်ပြောင်း လဲတွက်ချက်မည်ဆိုထားကို ၎င်းတို့ကုမ္ပဏီ၏ M.D ဒေါ်သန်းသန်း မြင့်နှင့်ပြန်လည်ညှိနှိုင်းဆွေး နွေးမည်ဖြစ်ကြောင်း၊ ၎င်းတို့၏ မိခင် ဖက် ကုမ္ပဏီများ၏အမည် Yearly Income Bank Balance - များကိုလည်း ပြန်လည်တင် ပြပေးမည်ဖြစ်ကြောင်း ၊ ပြောကြားပါ သည်။

(စ) တွေ့ရှိဆွေးနွေးမှုမှ ရရှိသည့်သဘောတူညီချက်များ - မရှိပါ

(ဆ) သဘောတူညီချက်မရရှိသေးပါက ဆက်လက်ဆောင်ရွက်ရန် ညှိနှိုင်းရရှိသည့်အစီအစဉ် မရှိပါ

လက်မှတ် ၊ (signature)
အမည် ၊ ဒေါ်ချိုချိုဝင်း
ရာထူး ၊ လက်ထောက်ညွှန်ကြားရေးမှူး
ဌာန ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ၇၈ -၁/မ-၇၅(၉)/၂၀၀၁ (၉၁၅၄)၊
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်။

အကြောင်းအရာ။ "Bagan Beach Resort Co; Ltd . မှ ပုဂံမြို့ ဗုဒ္ဓဘုရားတောင်ဘက်ရှိ မြေနေရာတွင် ဟိုတယ်ဆောက်လုပ်ရန်ကိစ္စ။

ရည်ညွှန်းချက်။ ။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၏ (၁၈-၁၁-၂၀၀၁) ရက်စွဲပါစာအမှတ်၊ ၆၅၀၆/၁၃-၀။

၁။ အယက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ (၁၇-၉-၂၀၀၁)နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၌ ကော်မရှင်မှတာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်ကုမ္ပဏီမှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၂။ အဆိုပါတွေ့ဆုံဆွေးနွေးချက်များနှင့်အညီ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ရည်ညွှန်းပါစာဖြင့် ကော်မရှင်သို့တင်ပြထားသော မြေငှားသဘောတူစာချုပ် (မူကြမ်း) ကိုလက်ခံရရှိပါသည်။ ယင်းစာချုပ်တွင်ငှားရမ်းခခွဲဝေမှုတွင်နိုင်ငံတော် ၇၅ %၊ သက်သာ ၂၅ %ဟု ဖော်ပြထားကြောင်းတွေ့ရှိရပါသည်။

၃။ အဆိုပါစာချုပ်သည် ရှေ့နေချုပ်ရုံးသဘောထားမှတ်ချက်နှင့်အညီပြင်ဆင်ထားသော BOT စာချုပ်ဖြစ်ရန်လိုအပ်ခြင်း၊နှင့် BOT စနစ်ဖြင့်နှစ်ရှည်ငှားရမ်းခငွေအားလုံးကိုနိုင်ငံတော်သို့ပေးသွင်းရမည်ဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
[ဒုတိယမှူး ကြီးလင်းဆွေ၊ အထူးအရာရှိ]

ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနဦးစီးဌာန။

* ဗိန် ၁၃-၁၂-၂၀၀၁။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ၇က - ၁/မ - ၇၅၉/၂၀၀၁ (၉၂၅၄)၊
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်။

သို့/ -
ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး
ကောင်စီ၊ ညောင်ဦးမြို့၊ မန္တလေးတိုင်း။

အကြောင်းအရာ။ ။ <u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။</u>

ရည်ညွှန်းချက်။ ။ ပုဂံကမ်းသာယာကုမ္ပဏီလီမိတက်၏ (၁၂.၇.၂၀၀၁) ရက်စွဲပါ စာအမှတ်၊ ၀၀၅၉/BBR / ၂၀၀၁။

၁။ ပုဂံကမ်းသာယာကုမ္ပဏီလီမိတက် (Bagan Beach Resort Co., Ltd.) သည် မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့တောင်ဘက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၆၄/၁၆၅/၁၆၆ ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာနပိုင်မြေ (၉.၂၉) ဧကတွင် အသုံးပြုနိုင်သော မြေဧရိယာ (၅.၇၇) ဧကရှိ မြေတွင် B O T စနစ်ဖြင့် (၄) ခန်းတွဲ သို့မဟုတ် (၂) ခန်းတွဲ အခန်း (၁၀၀) ပါ တစ်ထပ် (Chalet Type) ဟိုတယ်တည်ဆောက်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အထက်ရည်ညွှန်းပါစာဖြင့် ကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။

၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာ ထုံးလုပ်နည်းများ အခန်း (၃)၊ အပိုဒ် (၁၁) ပါ ဌာန်းချက်နှင့်အညီ အဆိုပြုချက်ကို စိစစ်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရယူရန်လိုအပ်ပါသဖြင့် အဆိုပြုလုပ်ငန်းကို ဖော်ပြပါမြေနေရာတွင် လုပ်ငန်းဆောင်ရွက်နေခြင်း `` ရှိ၊ မရှိ `` ကို စိစစ်ပြန်ကြားပေးပါရန် ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။

ပူးတွဲ - (၁) အဆိုပြုချက်။
(၂) မြေအထောက်အထား။

ဥက္ကဋ္ဌ (ကိုယ်စား)
(ဗိုလ်မှူးကြီးလင်းသော်၊ အထူးအရာရှိ)

မိတ္တူ - မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

* ဒိန် ၂၁-၁၂-၂၀၀၁။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ရက-၁/မ-ရ၅(၉)/၂၀၀၁ (၉၂၅၃)၊
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်။

အကြောင်းအရာ။ "Bagan Beach Resort Co; Ltd . မှ ပုဂံမြို့ဗူးဘုရားတောင်ဘက်ရှိ မြေနေရာတွင်ဟိုတယ် ဆောက်လုပ်ရန်ကိစ္စ။

ရည်ညွှန်းချက်။ "ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီးဌာန၏ (၁၀-၁၁-၂၀၀၁) ရက်စွဲပါစာအမှတ်၊ ၆၂၀၆/၁၃-၀။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ (၁၄-၉-၂၀၀၁)နေ့တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၌ ကော်မရှင်မှတာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်ကုမ္ပဏီမှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၂။ အဆိုပါတွေ့ဆုံဆွေးနွေးချက်များနှင့်အညီ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ရည်ညွှန်းပါစာဖြင့် ကော်မရှင်သို့တင်ပြထားသော မြေငှားသဘောတူစာချုပ် (မူကြမ်း) ကို လက်ခံရရှိပါသည်။ ယင်းစာချုပ်တွင် ငှားရမ်းခခွဲဝေမှုတွင် နိုင်ငံတော် ၇၅ %၊ သက်သာ ၂၅ % ဟု ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

၃။ အဆိုပါစာချုပ်သည် ရှေ့နေချုပ်ရုံးသဘောထားမှတ်ချက်နှင့်အညီပြင်ဆင်ထားသော BOT စာချုပ်ဖြစ်ရန်လိုအပ်ခြင်း၊နှင့် BOT စနစ်ဖြင့်နှစ်ရှည်ငှားရမ်းခငွေအားလုံးကို နိုင်ငံတော်သို့ ပေးသွင်းရမည်ဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
[ဗိုလ်မှူးကြီးလင်းဆွေ၊ အထူးအရာရှိ]

ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနဦးစီးဌာန။

* ဝိန် ၁၃-၁၂-၂၀၀၁။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

၆၅၃ / ၆၉၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

တယ်လီဖုန်း - ၂၅၂၇၅၆။

စာအမှတ်၊ ၇က-၁/မ-၇၅၉/၂၀၀၁ (၉၂၇၄)၊
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်။

သို့/ -

ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး
ကောင်စီ၊ ညောင်ဦးမြို့၊ မန္တလေးတိုင်း။

အကြောင်းအရာ။ ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။ ပုဂံကမ်းသာယာကုမ္ပဏီလီမိတက်၏ (၁၂.၇.၂၀၀၁) ရက်စွဲပါ စာအမှတ်၊ ၀၀၅၉/BBR / ၂၀၀၁။

၁။ ပုဂံကမ်းသာယာကုမ္ပဏီလီမိတက် (Bagan Beach Resort Co., Ltd.) သည် မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့တောင်ဘီကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၆၄/၁၆၅/၁၆၆ ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဦးစီး န ပိုင်မြေ (၉.၂၉) ဧကတွင်အသုံးပြုနိုင်သော မြေဧရိယာ (၅.၇၇) ဧကရှိမြေ B O T စနစ်ဖြင့် (၄) ခန်းတွဲသို့မဟုတ် (၂) ခန်းတွဲအခန်း (၁၀၀) ပါတစ်ထပ် (C Type ဟိုတယ်တည်ဆောက်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန်အတွက် ရည်ညွှန်းပါစာဖြင့် ကော်မရှင်သို့တင်ပြလျှောက်ထားလာပါသည်။

၂။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေဆိုင်ရာလုပ်ထုံးလု နည်းများအခန်း (၃)၊ အပိုဒ် (၁၁) ပါဌာန်းချက်နှင့်အညီ အဆိုပြုချက်ကို စိစစ်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ သဘောထားများကို တောင်းခံရယူရန်လိုအပ်ပါသဖြင့် အဆိုပြုလုပ်ငန်း ကို ဖော်ပြပါမြေနေရာတွင် လုပ်ငန်းဆောင်ရွက်နေခြင်း " ရှိ၊ မရှိ " ကို စိစစ်ပြန်ကြားပေးပါရန် ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။

ပူးတွဲ - (၁) အဆိုပြုချက်။
(၂) မြေအဆောက်အအုံ။

ဥက္ကဋ္ဌ (ကိုယ်စား)
[ဗိုလ်မှူးကြီးလင်းသော်၊ အထူးအရာရှိ]

မိတ္တူ - မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

* ဝိန် ၂၁-၁၂-၂၀၀၁။